မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၁၄)၊ ၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၂၃-၃-၂၀၂၅၊ တနင်္ဂနွေနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## မိမိတို့၏ လက်ရှိနှင့်အနာဂတ် မျိုးဆက်သစ်များအတွက် နိုင်ငံ၏ရေအရင်းအမြစ်များကို ရေရှည်တည်တံ့ပြီး စနစ်တကျ၊ မျှမျှတတ အကျိုးရှိစွာ ရေရှည်အသုံးပြုသွားနိုင်ရေး ရေဆိုင်ရာစီမံခန့်ခွဲမှု ကဏ္ဍများတွင် မိမိတို့ပြည်သူများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြရန်လို

နေပြည်တော် မတ် ၂၂

ကမ္ဘာ့ရေနေ့ ၂၀၂၅ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပပြုလုပ်ရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စာမျက်နှာ ၃ သို့ ❖**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သူအား ဆုပေးအပ်ချီးမြှင့်စဉ်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် မတ် ၂၂

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ မတ် ၂၃ ရက်၊ တနင်္ဂနွေနေ့။

## သစ်တောများ ထာဝစဉ်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရမည်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် အဖိုးတန်သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်အတွက် သစ်တောများအား စနစ်တကျ စီမံအုပ်ချုပ်ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက သစ်ပင်၊ သစ်တောနှင့်ဂေဟစနစ်မျိုးစုံ၏ အရေးပါမှုကို ပိုမိုသိရှိနားလည်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ International Day of Forest အဖြစ် ၂၀၁၂ ခုနှစ်တွင် စတင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဆောင်ပုဒ်မှာ Forest and Food- သစ်တောများနှင့်စားရေရိက္ခာများဖြစ်ကြောင်း။ ယနေ့ ကမ္ဘာနှင့်တစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါဖြစ်ပွားမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများကြောင့် စားရေရိက္ခာထုတ်လုပ်မှုကျဆင်းလာပြီး ကမ္ဘာပေါ်ရှိ လူဦးရေ ၇၃၃ သန်းခန့်ငတ်မွတ်မှုနှင့်ရင်ဆိုင်နေရပြီး လူဦးရေ ၈၁၅ သန်းခန့် အာဟာရချို့တဲ့လျက်ရှိကြောင်း။ ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO က ထုတ်ပြန်ထားပြီး ကမ္ဘာ့စားရေရိက္ခာဖူလုံစေရေးအတွက် သစ်တောဂေဟစနစ်များ မြှင့်တင်ထိန်းသိမ်းပေးရန် နှိုးဆော်လျက်ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မတ် ၂၁ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ် အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် စားရေရိက္ခာရရှိမှုနှင့် ထုတ်လုပ်မှုနည်းလမ်းများသည် တည်ငြိမ်သော ဂေဟစနစ်နှင့် ကောင်းမွန်မျှတသော ရာသီဥတုရှိမှသာ အောင်မြင်နိုင်မှာဖြစ်သည့်အတွက် ဂေဟစနစ်အားလုံး၏ ဗဟိုချက်ဖြစ်သော သစ်တောဂေဟစနစ်များကို ကမ္ဘာ့နိုင်ငံများက ပိုမိုအလေးပေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း။ မြန်မာနိုင်ငံဧရိယာ၏ ၈၀ ရာခိုင်နှုန်းကျော်သည် မြစ်ကြီးများ၏ ရေဝေရေလဲဒေသအတွင်း ကျရောက်လျက်ရှိသည့်အတွက် ရေဝေရေလဲဒေသများ ထိန်းသိမ်းရေး၊ ဒီရေတောများ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ခြင်းများကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း။ အလားတူ နိုင်ငံ၏ သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေပြီး ရာသီဥတုမျှတစေရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း။ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်စေရေးအတွက် တစ်အုပ်တစ်မစိုက်ခင်းများ စိုက်ပျိုးခြင်း။ ထင်းလောင်စာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်စေရေးအတွက် တစ်ရွာ ၂ ဧက ဘက်စုံသုံးစိုက်ခင်းများ တည်ထောင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

သစ်ပင်၊သစ်တောများသည် လူသားများနှင့် ပတ်ဝန်းကျင်အတွက် လူတိုင်းလူတိုင်းက သစ်တောများ၏ အရေးပါမှုနှင့်တန်ဖိုးကို သိရှိနားလည်ပြီး မြန်မာနိုင်ငံရှိသစ်တောများ ထာဝစဉ်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား (၇၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူ



**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာရှိ သစ္စာအဓိဋ္ဌာန် ရွှေစာရံမြတ်စွာဘုရား ၇၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပရာ အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးဝေယံမင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဆွမ်းဆန်စိမ်းလောင်းကြသည့် ပြည်သူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

ဦးစွာ ဆရာတော် ဦးဃောသိတထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး၊ အနုမောဒနာတရား နာယူကြည်ညိုကြသည်။ ဆက်လက်၍ ရေစက်ချတရားနာယူကြည်ညို၍ ပင့်သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရာ စုစုပေါင်း သံဃာတော် (၂၁၂)ပါးတို့အား တာဝန်ရှိသူများနှင့် ပြည်သူများက လောင်းလှူခဲ့ကြကြောင်း သိရသည်။ **(၀၉၅)**

## အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်




**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့သို့ရောင်းချပေးသော အစီအစဉ်များမှာ မတ်လ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ် သီရိဟေမာအနောက် သင်္ဂဇာချောင်းပတ်လမ်း ၂၉လမ်းနှင့် လမ်း ၃၀ ကြား ချမ်းသာရဘုရားအနောက်ဘက်တွင်လည်းကောင်း၊ မတ် ၂၅ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက် လမ်း ၈၀နှင့် လမ်း ၄၀ ထောင့်တွင်လည်းကောင်း၊ မတ် ၂၆ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အကွက်(စစ-၆) အောင်ပင်လယ်ရပ်ကွက်၊ ၁၀၆လမ်း၊ ၅၄ လမ်းနှင့် ၅၄ B လမ်းကြားတွင် လည်းကောင်း၊ မတ် ၂၈ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇ လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့သို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆို

**မန္တလေး မတ် ၂၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်မှ စတင်ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ဆက်လက်ဖြေဆိုလျက်ရှိပြီး ယနေ့နောက်ဆုံးနေ့ ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။

စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်၊ မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျစောင့်ကြပ် ကြည့်ရှုပေးလျက်ရှိသည်။



၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ မန္တလေးတိုင်းဒေသကြီးအတွင်း စာစစ်ဌာန(၈၉)ခု ဖွင့်လှစ်ထားပြီး ယနေ့ ဘောဂဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ်များကို သက်ဆိုင်ရာစာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုကြရာ ဘောဂဗေဒဘာသာရပ်၌ ဝင်ရောက်ဖြေဆိုရန် စာရင်းရှိ(၁၅၉၅၀)ဦး၊ ဖြေဆိုသူ(၁၅၃၁၁)ဦး၊ ဖြေဆိုမှု (၉၅ ဒသမ ၉၉) ရာခိုင်နှုန်းရှိကြောင်း၊ ဇီဝဗေဒဘာသာရပ်၌ ဝင်ရောက်ဖြေဆိုရန် စာရင်းရှိ (၁၉၅၅၀)ဦး၊ ဖြေဆိုသူ (၁၈၉၂၅) ဦး၊ ဖြေဆိုမှု (၉၆ ဒသမ ၈၀) ရာခိုင်နှုန်းရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ် ၄)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သူအား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် တတိယဆုရရှိခဲ့သူအား ဆုပေးအပ်ချီးမြှင့်စဉ်။

❖ ရှေ့ဖုံးမှ

ဦးစွာ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရေသယံဇာတသည် မိမိတို့သက်ရှိအားလုံး၏ အရေးကြီးသည့် သဘာဝအရင်းအမြစ်တစ်ခု ဖြစ်သည့်အပြင် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် အသက်မွေး ဝမ်းကျောင်းနှင့် အသက်ရှင် နေထိုင်ရေးအတွက် အလွန်အရေးကြီးသည့် အခြေခံလိုအပ်ချက်တစ်ခုလည်း ဖြစ်ကြောင်း၊ လုံခြုံဘေးကင်းသန့်ရှင်းသည့်ရေသည် မိမိတို့လူသားများ၏ ကျန်းမာရေးကို အထောက်အကူပြုရုံသာမက သဘာဝပတ်ဝန်းကျင်ကိုလည်း ကောင်းကျိုးပြုကြောင်း၊ ထို့ကြောင့် လူတိုင်းလူတိုင်း ကျန်းမာသန်စွမ်းစေရေး သန့်ရှင်းဘေးကင်းသည့် ရေရရှိရန် အစဉ်လိုအပ်လျက်ရှိကြောင်း။

**ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်**

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ရေကောင်းရေသန့်၏အရေးကြီးပုံများကို အသိပညာပေးရန်၊ ရေအရင်းအမြစ်များကို ရေရှည်စနစ်တကျ အသုံးပြုနိုင်ရေး စီမံခန့်ခွဲမှုများကို အားပေးရန်၊ ကမ္ဘာ့လူဦးရေ၏ သိသာသည့် အချိုးနှင့် အရေအတွက်တစ်ခုသည် သန့်ရှင်းသောရေမရရှိသည့် ဒေသများတွင် နေထိုင်နေကြရပြီး ရေအခက်အခဲများနှင့် ကြုံတွေ့နေရမှုများကို သတိပြုမိစေရန်၊ ရေအခက်အခဲများနှင့်ပတ်သက်ပြီး ဖြေရှင်းနိုင်ရန်တို့အတွက် လိုအပ်ချက်များကို တွန်းအားပေးရန်နှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်အမှတ် (၆) ဖြစ်သည့် လူတိုင်းလုံခြုံ ဘေးကင်းသန့်ရှင်းသည့် သောက်သုံးရေရရှိနိုင်စေရန် တိုးမြှင့်ဆောင်ရွက်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ် မတ်လ ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်ပြီး ၁၉၉၃ ခုနှစ်ကစ၍ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

နှစ်စဉ် နှစ်တိုင်းတွင်လည်း အထူးပြုအသိပေးလိုသည့် ကမ္ဘာ့ရေနေ့ဆိုင်ရာ အဓိကအကြောင်းအရာဆောင်ပုဒ်များကို သတ်မှတ်ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုနှစ်ကမ္ဘာ့ရေနေ့ ၂၀၂၅ အတွက် အဓိက အကြောင်းအရာဆောင်ပုဒ်မှာ "ရေအရင်းအမြစ်များ တည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့" "The Glacier Preservation" ပင်ဖြစ်ကြောင်း။

**အဓိကကျနေသည့် အရင်းအမြစ်တစ်ခုဖြစ်**

ကမ္ဘာပေါ်တွင် ရေထုစုစုပေါင်း၏ ၉၇ ဒသမ ၅ ရာခိုင်နှုန်းသည် ဆားငန်ရေများဖြစ်ကြပြီး ကျန် ၂ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရေချိုများဖြစ်ကြောင်း၊ သို့သော်လည်း ယင်းရေချိုများ၏ ၆၈ ဒသမ ၇ ရာခိုင်နှုန်းသည်လည်း ဝင်ရိုးစွန်းရေခဲမြစ်များနှင့် ရေခဲတောင်များအဖြစ် တည်ရှိနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရေခဲမြစ်များသည် ကမ္ဘာ့ရေချို အရင်းအမြစ်များအတွက် အရေးပါသည့် အခန်းကဏ္ဍကပါဝင်နေပြီး ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် စွမ်းအင်ထုတ်လုပ်နိုင်ရန်အတွက် အဓိကကျနေသည့် အရင်းအမြစ်တစ်ခုဖြစ်ကြောင်း။

ကမ္ဘာပေါ်တွင်ရှိသည့် ရေခဲမြစ်များ၏ ၉၁ ရာခိုင်နှုန်းသည် အန္တာတိကတိုက်တွင် တည်ရှိပြီး ၈ ရာခိုင်နှုန်းခန့်က ဂရင်းလန်းတွင် တည်ရှိနေကြောင်း၊ ကျန်ရှိသည့် ၁ ရာခိုင်နှုန်းခန့်မှာ ဟိမဝန္တာတောင်တန်း၊ အန်ဒီးစ်တောင်တန်း စသည့် ဒေသများတွင် တည်ရှိနေခြင်းဖြစ်ကြောင်း။

လေ့လာထားသည့် စစ်တမ်းများအရ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ရေခဲမြစ်များသည် နှစ်စဉ် ရေခဲတန်ချိန် ၂၆၇ ဘီလီယံခန့်ဆုံးရှုံးခဲ့ပြီး ယင်းဖြစ်စဉ်သည် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု၏ ၂၁ ရာခိုင်နှုန်းကို ဖြစ်စေခဲ့သည်ဟု သိရကြောင်း။

**ရေခဲမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှစ်သတ်မှတ်**

ဟိမဝန္တာ တောင်တန်းများတွင်ရှိသည့် ရေခဲမြစ်များသည် လွန်ခဲ့သည့် နှစ် ၄၀ အတွင်း အရည်ပျော်မှုနှုန်း သိသိသာသာ မြင့်တက်လာခဲ့ပြီး မကြာသေးမီနှစ်များအတွင်း ရေခဲပမာဏ များစွာ လျော့နည်းလာခဲ့ကြောင်း၊ ကမ္ဘာ့အပူချိန်သည် စက်မှုခေတ်မတိုင်မီက အပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ် မြင့်တက်လာမည်ဆိုပါက ၂၁၀၀ ပြည့်နှစ်မတိုင်မီ ကမ္ဘာ့ရေခဲမြစ်များ၏ တစ်ဝက်ကျော်ခန့် ပျောက်ကွယ်သွားနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်း၊ ကုလသမဂ္ဂကလည်း ၂၀၂၅ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ ရေခဲမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့ပြီး ၂၀၂၅ ခုနှစ်မှစတင်ကာ နှစ်စဉ် မတ်လ ၂၁ ရက်နေ့ကို "ကမ္ဘာ့ရေခဲမြစ်များနေ့ (World Day for Glaciers)" အဖြစ် ကြေညာခဲ့ကြောင်း၊ ယင်းသည် ရာသီဥတု၊ ဇလဗေဒ လည်ပတ်မှု၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများတွင် ရေခဲမြစ်များ၏အရေးပါသည့်အခန်းကဏ္ဍကို တစ်ကမ္ဘာလုံးက သတိပြုမိစေခဲ့ကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင် ရေခဲမြစ်အဖြစ် ဖော်ပြနိုင်ရန် အထင်အရှား မရှိသော်လည်း ဧရာဝတီမြစ်၏ မြစ်ဖျားခံရာ မေခနှင့် မလိခမြစ်တို့၏ အထက်ပိုင်းဒေသတွင်တည်ရှိသည့် ခါကာဘိုရာဇီတောင်တန်းနှင့် တိဗက်ကုန်းပြင်မြင့်မှ စီးဆင်းလာသည့်

❑ ဟိမဝန္တာတောင်တန်းများတွင်ရှိသည့် ရေခဲမြစ်များသည် လွန်ခဲ့သည့် နှစ် ၄၀ အတွင်း အရည်ပျော်မှုနှုန်း သိသိသာသာမြင့်တက်လာခဲ့ပြီး မကြာသေးမီနှစ်များအတွင်း ရေခဲပမာဏ များစွာလျော့နည်းလာခဲ့၊ ကမ္ဘာ့အပူချိန်သည် စက်မှုခေတ်မတိုင်မီက အပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ် မြင့်တက်လာမည်ဆိုပါက ၂၁၀၀ ပြည့်နှစ်မတိုင်မီ ကမ္ဘာ့ရေခဲမြစ်များ၏ တစ်ဝက်ကျော်ခန့် ပျောက်ကွယ်သွားနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထား

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

ရေခဲမြစ်များသည် နွေရာသီတွင် စုစည်းဖြစ်ပေါ်သည့် ရေခဲမြစ်များဖြစ်ကြပြီး ဧရာဝတီမြစ်ရေကို တစ်စိတ်တစ်ပိုင်းအနေဖြင့် ဖြည့်တင်းပေးလျက်ရှိကြောင်း။

**ရေခဲမြစ်များ၏ အရည်ပျော်မှုကို မြန်ဆန်စေ**

ရာသီဥတု ပြောင်းလဲလာပြီး အပူချိန် မြင့်တက်လာမှုသည် ရေခဲမြစ်များ၏ အရည်ပျော်မှုကို မြန်ဆန်စေပြီး ရေခဲမြစ်များ၏ ထုထည်ကို လျော့နည်းစေကြောင်း၊ လေ့လာတွေ့ရှိချက်များအရ ဟိမဝန္တာတောင်တန်းတွင် ရှိသည့် အခြားရေခဲမြစ်များထက် ဧရာဝတီမြစ်အထက်ပိုင်းရှိ ရေခဲမြစ်များသည် ထုထည်နှင့် ဧရိယာ သေးငယ်မှုကြောင့် ပိုမိုမြန်ဆန်စွာ လျော့နည်းလျက်ရှိပြီး ၂၁၀၀ ပြည့်နှစ်တွင် ကချင်ပြည်နယ်၏ ပျမ်းမျှအပူချိန်သည် ၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် မြင့်တက်လာလိမ့်မည်ဟု ခန့်မှန်းထားကြကြောင်း၊ ယင်းအခြေအနေသည် ဧရာဝတီမြစ် အထက်ပိုင်းတွင် ရှိသည့် ရေခဲမြစ်များ လုံးဝ ပျောက်ကွယ်သွားနိုင်ကြောင်းကို ညွှန်းဆိုနေကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ အနာဂတ်ရေချိုအရင်းအမြစ်များ တည်ရှိမှုကို ခြိမ်းခြောက်နေသည်ကို သတိပြုမိကြရန်ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ရေစီးကြောင်းအပေါ် ရေခဲမြစ်များ၏သက်ရောက်မှုများကို တိတိကျကျလေ့လာနိုင်ရန် ရေဆိုင်ရာအချက်အလက်များ လိုအပ်နေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ရေခဲမြစ်များ၏ ပြောင်းလဲမှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို စနစ်တကျ စုစည်းခြင်းသည် အနာဂတ် ရေအရင်းအမြစ် စီမံခန့်ခွဲမှုများအတွက် အရေးကြီးသည့်အချက် ဖြစ်ကြောင်း။

**○ မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ရေစီးကြောင်းအပေါ် ရေခဲမြစ်များ၏ သက်ရောက်မှုများကို တိတိကျကျလေ့လာနိုင်ရန် ရေဆိုင်ရာအချက်အလက်များ လိုအပ်နေဆဲဖြစ်**

**○ ရေခဲမြစ်များ၏ ပြောင်းလဲမှုများကို စောင့်ကြည့်လေ့လာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို စနစ်တကျစုစည်းခြင်းသည် အနာဂတ်ရေအရင်းအမြစ် စီမံခန့်ခွဲမှုများအတွက် အရေးကြီးသည့်အချက်ဖြစ်**

မိမိတို့ မြန်မာနိုင်ငံတွင်လည်း ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်အဖြစ် ၂၀၂၄ ခုနှစ် မိုးရာသီအတွင်း ရေကြီးမှုဖြစ်စဉ်များအနေဖြင့် နေပြည်တော် ပြည်ထောင်စုနယ်မြေ၊ ကချင်ပြည်နယ် (မြစ်ကြီးနား)၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆိုးဆိုးရွားရွား ကြုံတွေ့ခဲ့ရသည်ကို အားလုံး သိရှိပြီး ဖြစ်ကြောင်း။

**ရေစီမံခန့်ခွဲမှုကို အလေးပေးဆောင်ရွက်**

ရေစီမံအုပ်ချုပ်မှု အနေဖြင့် ကုလသမဂ္ဂက ချမှတ်တိုက်တွန်းထားသည့် ရေဘက်စုံစီမံခန့်ခွဲမှု (Integrated Water Resources Management – IWRM) ၏ အခြေခံမူများကို လိုက်နာပြီး ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှုကို အလေးပေးဆောင်ရွက်ရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ရေဆိုင်ရာ အခက်အခဲပြဿနာများ ဖြေရှင်းရန်နှင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရန်၊ တစ်နိုင်ငံလုံး လွှမ်းခြုံသည့် ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲနိုင်ရန် "အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ" ကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်ပြီးနောက် "အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ" ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် မိမိကိုယ်တိုင်ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

**အသိပညာပေးလုပ်ငန်းများ အားပေးဆောင်ရွက်**

"အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ" အနေဖြင့် မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်ဘက်စုံ စီမံခန့်ခွဲမှုစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်ပြီး ရေအရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိအောင် အသုံးချနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက် ရှိကြောင်း၊ ကော်မတီအနေဖြင့် ရေဆိုင်ရာစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် အမျိုးသားအဆင့် ရေမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ရေနေ့အခမ်းအနားများ ကျင်းပခြင်းနှင့် ရေဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့၏ မြစ်ဖျားမှ စတင်ပြီး ပင်လယ်ထဲသို့ရောက်သည်အထိ ရေစီးနှုန်းတိုင်းတာရန်နှင့် ရေလမ်းကြောင်းအခြေအနေ အပါအဝင် ရေအရင်းအမြစ်ပမာဏကို စူးစမ်းလေ့လာဆောင်ရွက်နိုင်ရေးအတွက် ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့ကို ၂၀၂၂ ခုနှစ် မတ်လ ၇ ရက်တွင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယင်းအဖွဲ့သည်လည်း လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေး လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကို ပြည်ထောင်စု အစိုးရအဖွဲ့ထံ အစီရင်ခံ တင်ပြလျက်ရှိကြောင်း၊ လက်ရှိ အနေအထားတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့သည် လူတို့၏လုပ်ဆောင်ချက်ကြောင့် သောင်ပို့မှုများ များပြားလာပြီး ရေကြောင်းသွားလာရေးတွင် ကန့်သတ်ချက်များ များလာကြောင်း၊ ထို့ကြောင့် မြစ်ကြောင်းများ ထိန်းသိမ်းရေးသည် အရေးကြီးသည့် အခြေအနေရှိနေပြီး ဆောလျင်စွာ ဖြေရှင်းရန်လိုကြောင်း၊ အဓိကမြစ်များနှင့် ယင်းမြစ်များအတွင်း စီးဝင်သည့်မြစ်၊ ချောင်းများ ဘေးဝဲယာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်စေသည့်လုပ်ငန်းများကို ဒေသဆိုင်ရာ အစိုးရ၊ အုပ်ချုပ်ရေးအဖွဲ့များက ကြပ်မတ်ရန်လိုကြောင်း၊ အဆိုပါမြစ်များသည် ကူးသန်းသွားလာမှုတွင် အဓိကကျခြင်းကြောင့် ဆောလျင်စွာ သောင်တူးရှင်းလင်းနိုင်ရေး၊ ဟိမဝန္တာတောင်မှ စီးဆင်းလာသည့်ရေချိုများကို စိုက်ပျိုးရေးကဏ္ဍတွင် အကျိုးရှိစွာအသုံးချနိုင်ရေး၊ ရာသီမရွေး ရေကြောင်း သွားလာနိုင်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး၊ မြစ်ဘေး ဝဲ၊ ယာနှင့် သက်ရောက်သည့် နေရာများ စိမ်းလန်းစိုပြည်လာစေရေးတို့ကို ဖြစ်ပေါ်လာစေရန် သတ်မှတ်ရှာဖွေထားသည့် နေရာများတွင် အနိမ့်တမံ(Low-Head Dam) များ ဖြစ်နိုင်သမျှ အမြန် ဆောင်ရွက်သွားရန်လိုကြောင်း။



ဒုတိယဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သူအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နည်းစနစ်အသစ်များ ကျင့်သုံးသွားရမည်**

အနာဂတ် ရေဖူလုံစေရေးအတွက်ရေစီမံအုပ်ချုပ်ရေးလုပ်ငန်းများသည် အလွန်အရေးကြီးကြောင်း၊ ရေရှည်တည်တံ့သည့် ရေစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများရှိစေရေး လူတိုင်းကို အသိပညာပေးခြင်းအပြင် နည်းပညာအသစ်များ တီထွင်ကြံဆခြင်း၊ ရေအသုံးပြုမှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖော်ထုတ်ခြင်းစသည့် နည်းစနစ်အသစ်များကို ကျင့်သုံးသွားရမည် ဖြစ်ကြောင်း။

ယခုနှစ် ကမ္ဘာ့ရေနေ့အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "ရေအရင်းအမြစ်များ တည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့" ဟူသည့်အတိုင်း မိမိတို့နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များ ရေရှည်ပေါများကြွယ်ဝစေရန်နှင့် ရေနှင့်ဆိုင်သည့် သဘာဝဘေးဒဏ်များ လျော့ပါးစေရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု၊ တိုးတက်နေသည့် နည်းပညာများနှင့် ပြည်သူလူထု၏ပူးပေါင်းမှုကို ရယူပြီး ဆက်လက် ထိန်းသိမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ လက်ရှိပိုင်ဆိုင်ထားသည့် ရေချိုအရင်းအမြစ်များကို အမြော်အမြင်ရှိစွာဖြင့် ရေရှည်အသုံးပြုနိုင်ရေး

*စာမျက်နှာ ၅ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

စာမျက်နှာ ၄ မှ

စီမံဆောင်ရွက်ကြရန်၊ တက္ကသိုလ်များ၊ သုတေသနစင်တာများကလည်း ရေကဏ္ဍကိုမြှင့်တင်ပေးနိုင်ရေးလေ့လာမှုများ၊အသိပညာပေးမှုများ ဆက်လက်ဆောင်ရွက်ပေးကြရန်၊ မိမိတို့နိုင်ငံ အနာဂတ်ရေဖူလုံစေရေး ရေကဏ္ဍကိုမြှင့်တင်ရန် ရေစီမံခန့်ခွဲမှု နည်းပညာများဖြင့် ကြိုးစားမြှင့်တင်ကြရန်၊ နိုင်ငံ၏ ရေချိုအရင်းအမြစ်များကို အထောက်အပံ့ပေးနိုင်သည့်တည်ရှိပြီးရေခဲတောင်များ၊ ရေခဲမြစ်များ ရေရှည်တည်မြဲစေရေး မိမိတို့ တတ်နိုင်သည့်နေရာများမှ ပါဝင်ထိန်းသိမ်းဆောင်ရွက်ပေးကြရန်၊ မိမိတို့၏လက်ရှိနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် နိုင်ငံ၏ ရေအရင်းအမြစ်များကို ရေရှည်တည်တံ့ပြီးစနစ်တကျ မျှမျှတတ အကျိုးရှိစွာ ရေရှည်အသုံးပြုသွားနိုင်ရေး ရေဆိုင်ရာစီမံခန့်ခွဲမှုကဏ္ဍများတွင် မိမိတို့ ပြည်သူများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဝါသနာရှင်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများအား ပြခန်း တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သကြ်န်ပိတ်ရက်တွင် ခရီးသည်ပို့ဆောင်ရေးယာဉ်များ ပုံမှန်လက်မှတ်နှုန်းထားအတိုင်း ပြေးဆွဲမည်

**မန္တလေး မတ် ၂၂**

သကြ်န်ပိတ်ရက်တွင် ခရီးသည်ပို့ဆောင်ရေးယာဉ်များအနေဖြင့် ပုံမှန်လက်မှတ်ခနှုန်းထားများအတိုင်း ပြေးဆွဲပေးမည်ဖြစ်ပြီး သွားလာမည့်နေ့ရက်အတွက် လက်မှတ်အခက်အခဲမရှိစေရန် ကြိုတင်ဝယ်ယူနိုင်ကြောင်း သိရသည်။

ပိတ်ရက်ရှည်ဖြစ်သောကြောင့် နေရပ်အသီးသီးနှင့် အပန်းဖြေခရီးသွားများပြားမည်ဖြစ်၍ ခုံနေရာများ အဆင်ပြေစေရန် ကားလက်မှတ်များကို ယာဉ်အသင်းများက ကြိုတင်ရောင်းချပေးသည့် အစီအစဉ်များ ဝန်ဆောင်မှုပေးကြသည်ဟု ဆိုသည်။

"သကြ်န်ပိတ်ရက်မှာ ခရီးသွားများပြားလေ့ရှိပါတယ်။ အဲဒီအပေါ်မှာ လက်မှတ်ခနှုန်းထားတွေ ပိုမိုရောင်းချတာ မရှိအောင် သက်ဆိုင်ရာက နှစ်စဉ်ထုတ်ပြန်အသိပေးတာတွေ ရှိသလို ကျွန်တော်တို့ အသင်းကလည်း လိုက်နာဆောင်ရွက်ပြီး လက်မှတ်ခနှုန်းထားတွေကို ပုံမှန်အတိုင်း ရောင်းချပေးမှာဖြစ်ပါတယ်"ဟု ရွှေမန္တလာဂိတ်မှ တာဝန်ရှိသူက ပြောသည်။

ခရီးစဉ်အလိုက် ကားလက်မှတ်များကို ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချပေးနေသကဲ့သို့ သကြ်န်ပိတ်ရက်တွင်လည်း ပုံမှန်လက်မှတ်ခနှုန်းထားများအတိုင်း ရောင်းချသွားမည်ဖြစ်ပြီး အချို့သော ယာဉ်အသင်းများက ဧပြီ ၁၂ ရက်၊ (သကြ်န်အကြို)နေ့အထိ လက်မှတ်များရောင်းချပေးမည်ဟု သိရသည်။

"ခရီးသွားများပြားလို့ လိုအပ်လာရင် ယာဉ်တွေ တိုးချဲ့ပြီး ပြေးဆွဲပေးတာလည်းရှိတယ်။ ဒါကလည်း ခရီးသွားမယ့်သူတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးတာဖြစ်ပါတယ်"ဟု ယာဉ်အသင်းတစ်ခုမှ ဂိတ်မှူးက ပြောသည်။

ရက်ရှည်ရုံးပိတ်ရက်များ၌ မိမိတို့နေရပ်များသို့လည်းကောင်း၊ မိသားစုအပန်းဖြေခရီးအဖြစ်လည်းကောင်း၊ ဘုရားဖူးသွားခြင်းဖြင့်လည်းကောင်း ခရီးသွားများပြားသဖြင့် ယာဉ်အသင်းများက ကြိုတင်လက်မှတ်များ ရောင်းချကာ ဝန်ဆောင်မှုပေးနေပြီး လက်မှတ်ဝယ်ယူရာ၌ အွန်လိုင်းစနစ်ဖြင့် ငွေပေးချေနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

၀-၀-၀-၀-၀

၀-၀-၀-၀

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီး မစ္စတာ အဘ်ဟေးတာကူးရ်အား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေး ရှိရင်းစွဲယန္တရားများကို အသုံးချရေး အရေးပါဝင်မှုကို အလေးထားဆွေးနွေး



နေပြည်တော် မတ် ၂၂

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာအဘ်ဟေးတာကူးရ်အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာလရှည်ကြာတည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးနည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့် ကဏ္ဍများအကြားတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်မည့် အခွင့်အလမ်းများရှာဖွေ၍ နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းရေး ရှိရင်းစွဲယန္တရားများကို အသုံးချရေး အရေးပါဝင်မှုကို အလေးထားဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# စွမ်းအင်ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ Standard Well (နည်းစနစ်ကျတွင်း) တူးဖော်ရန်အဆိုပြုတင်ပြထားသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် မတ် ၂၂

စွမ်းအင်ဝန်ကြီးဌာနနှင့်ပူးပေါင်း၍ Standard Well (နည်းစနစ်ကျတွင်း) တူးဖော်ရန် အဆိုပြုတင်ပြထား သည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိပုဂ္ဂိုလ် များနှင့် Standard Well (နည်းစနစ်ကျတွင်း)တူးဖော် ရန် အဆိုပြုတင်ပြထားသည့် တိုင်းရင်းသားလုပ်ငန်း ရှင်များ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ ပို့ဆောင်နိုင်ရန် စွမ်းအင်သယံဇာတအပါအဝင် နိုင်ငံတော်၏ သယံဇာတများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီး ဆုံးရှုံးမှုမှ ကာကွယ်ရန်၊ နိုင်ငံတော်၏ စွမ်းအင် လိုအပ်ချက်ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရန်နှင့် တိုင်းရင်းသားလုပ်ငန်းရှင်များကို အားပေးအားမြှောက် ပြုရန် ရည်ရွယ်ချက်များဖြင့် Standard Well များကို ပူးပေါင်း၍တူးဖော်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါ ကြောင်း၊ စွမ်းအင်သယံဇာတဖြစ်သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ဖြစ်တည်ရန် နှစ်သန်းပေါင်း ၄ဝ ခန့်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ တန်ဖိုးရှိသော သယံဇာတအမွေအနှစ်များကို မိမိတို့နိုင်ငံတွင်နေထိုင် သော ပြည်သူများကသာ ပိုင်ဆိုင်သဖြင့် ပြည်သူများ အကျိုးကိုရှေးရှု၍ စနစ်တကျစီမံခန့်ခွဲရမည်ဖြစ်ပါ ကြောင်း။

မိမိတို့ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ကုန်များဖြစ်သော မော်တော် ယာဉ်သုံးဖိအားမြှင့် သဘာဝဓာတ်ငွေ့ (CNG)၊ မီးဖို ချောင်သုံးရေနံဓာတ်ငွေ့ရည်(LPG)၊ စက်သုံးဆီများ နှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတ်မြေဩဇာများကို လည်း အများပြည်သူအကျိုးအတွက် ဈေးနှုန်း သက်သာစွာ ဖြန့်ဖြူးရောင်းချပေးနေပါကြောင်း၊ အဆိုပါထုတ်ကုန်များကို အရေအတွက်နှင့် အရည် အသွေးပိုမိုမြှင့်တင်ပြီး ထုတ်လုပ်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ အဓိကအခြေခံအကျဆုံး ကုန်ကြမ်းဖြစ်သည့် ရေနံစိမ်းကို Standard Well (နည်းစနစ်ကျတွင်း) များ တူးဖော်ခြင်းဖြင့် ပိုမို ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေး ယခုကဲ့သို့တိုင်းရင်း သားလုပ်ငန်းရှင်များအား ခေါ်ယူတွေ့ဆုံဆွေးနွေး ခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားရေနံလုပ်ငန်းရှင် များကို နိုင်ငံတကာမှ ရေနံလုပ်ငန်းရှင်များကဲ့သို့ စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်လည်း ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားလုပ်ငန်း ရှင်များအနေဖြင့် အများပိုင်ကုမ္ပဏီများဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် မိမိတို့ ဝန်ကြီးဌာနတာဝန်ရှိသူများက Standard Well တူးဖော်ခြင်းဆိုင်ရာ လိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် နည်းပညာများကို ရှင်းလင်းဆွေးနွေးသွားကြမည် ဖြစ်ကြောင်း၊ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းနှင့်ကိုက်ညီစွာတင်ပြ လာပါက Standard Well (နည်းစနစ်ကျတွင်း) များ တူးဖော်ရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ပြော ကြားသည်။ (ဝဲပုံ)

ဆက်လက်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူ များက Standard Well တူးဖော်ခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်ဥပဒေ၊ စည်းကမ်းချက်များနှင့် ပတ်သက်၍ လည်းကောင်း၊ နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းရင်း သားလုပ်ငန်းရှင်များ အဆိုပြုတင်ပြထားသည်များ အပေါ် စိစစ်ထားရှိမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြ သည့် တိုင်းရင်းသားလုပ်ငန်းရှင်များက သိရှိလိုသည် များအား မေးမြန်းဆွေးနွေးကြကာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# MFF Vita Max Futsal League (ll) 2024- 2025 ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကျင်းပ

MFF Vita Max Futsal League (ll) 2024- 2025 ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို မတ် ၂၂ ရက်က MFF Futsal Stadium တွင် ကျင်းပခဲ့ပြီး ပွဲစဉ်များအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။

ဆုပေးပွဲ အခမ်းအနားတွင် ရှေးဦးစွာ MFF Vita Max Futsal League (ll) 2024- 2025 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်တွင် တာဝန်ယူ ကိုင်တွယ်ခဲ့သော ဒိုင်လူကြီးများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်းက အမှတ်တရဆုများ ပေးအပ်ခဲ့သည်။

ပြိုင်ပွဲတွင် အသန့်ရှင်းဆုံး အသင်းဆုရရှိသော KKY အသင်း အား အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်(၃)သိန်းကို ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်က ချီးမြှင့် ခဲ့သည်။

ပြိုင်ပွဲ၏ အကောင်းဆုံး ဂိုးသမားဆု ရရှိခဲ့သော TG United အသင်းမှ ကျော်ဇင်မျိုးဦးကို အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦးက အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်(၅)သိန်းကိုလည်းကောင်းနှင့် ပြိုင်ပွဲ၏ အကောင်းဆုံး ကစားသမားဆု ရရှိသော TG United အသင်းမှ ချစ်စမ်းမောင်ကို မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း နည်းပြချုပ် Mr. Pattaya က အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်(၅)သိန်းကို ပေးအပ်ခဲ့သည်။

ထို့နောက် ပြိုင်ပွဲ၏ စတုတ္ထဆုရရှိသော JZ Yangon အသင်း ကို ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ဆုကြေး ငွေကျပ်(၁ဝ)သိန်းကို ပေးအပ်ခဲ့ပြီး ပြိုင်ပွဲ၏ တတိယဆုရရှိသော Gold Dream အသင်းကို Century Beverage Co,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းဝင်းအောင်က တစ်ဦးချင်းဆုတံဆိပ် များနှင့်ဆုကြေးငွေကျပ် (၁၅)သိန်းကို ပေးအပ်ခဲ့သည်။ ဒုတိယဆု ရရှိသော Pacific Sun Far အသင်းကို ဖူဆယ်နှင့်သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ်သိန်း(၃ဝ)ကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပထမဆု ရရှိခဲ့သော TG United FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ က တစ်ဦးချင်းဆုများနှင့် ဆုကြေးငွေကျပ်သိန်း(၅ဝ)ကို ပေးအပ် ခဲ့သည်။

ထို့နောက် ချန်ပီယံဆုဖလားအား ရရှိခဲ့သော TG United FC အသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ချန်ပီယံဆုဖလားပေးအပ်ခဲ့ပြီး ဆုပေးပွဲအခမ်း အနားကို ရုပ်သိမ်းခဲ့သည်။

(NGB)




## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တွင် အမျိုးသမီးဘောလုံးအကယ်ဒမီ အဆောက်အအုံသစ် တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှု

**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)တွင် အမျိုးသမီး ဘောလုံးအကယ်ဒမီ ဖွင့်လှစ်နိုင်ရေးအတွက် အာစီရံ ၃ထပ် အဆောက်အအုံသစ် တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုခဲ့သည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အမျိုးသမီးဘောလုံး လောကဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၏ အစီအစဉ်(အမေရိကန် ဒေါ်လာ ၁ ဒသမ ၈၉ မီလီယံ) ဖြင့် အမျိုးသမီးဘောလုံး အကယ်ဒမီ အဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းနှင့် ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်ရေး ဘောလုံးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် နွေရာသီ အခြေခံဘောလုံးသင်တန်းတွင် တက်ရောက်နေသော လူငယ်များကို အားပေးနှုတ်ဆက်ပြီးနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများအတွက် ဘောလုံး (၁၀၀၀)လုံးကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်ခဲ့ကြောင်းနှင့် နွေရာသီ အခြေခံဘောလုံးသင်တန်းသို့ တက်ရောက်နေသူများအား ဘောလုံးများ အခမဲ့ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ









# စံ(၅)ရပ်နှင့်အညီဖြစ်စေရန် ရတနာပုံ(အနောက်) ကျေးရွာစာကြည့်တိုက်အား ပြန်လည်ဖွင့်လှစ်

**ရပ်စောက် မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု၊ ရတနာပုံ(အနောက်) ကျေးရွာတွင် ရတနာအလင်း စာကြည့်တိုက်အား စံ(၅)ရပ်နှင့် အညီဖြစ်စေရန် ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ရတနာအလင်း စာကြည့်တိုက်အား စံ(၅)ရပ်နှင့် အညီ ရှင်သန်ခိုင်မာရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီးနောက် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် စံ(၅)ရပ်အား သိရှိနားလည်ရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းရအောင် သက်ဆိုင်ရာ တာဝန်ရှိသူများမှ ဆောင်ရွက်ပေးနိုင်စေရန်၊ စာအုပ်၊ စာစောင်များ ပျောက်ဆုံးပျက်စီးမှု လျော့နည်းစေရေးအတွက် စနစ်တကျ ထိန်းသိမ်းရန်၊ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး အစဉ်မပြတ်ဆောင်ရွက်နိုင်စေရေးအတွက် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပြီးနောက် ကျေးရွာမှ ရပ်မိ၊ ရပ်ဖများက စာကြည့်တိုက်အတွက် ငွေကျပ် ၂၀၀၀၀၀ အား လှူဒါန်းခဲ့ပြီး စာကြည့်တိုက်ကော်မတီဝင် တစ်ဦးက လက်ခံကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။




အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး မတ် ၂၂**

နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားကို မန္တလေးမြို့တွင် ခမ်းနားစွာ ကြိုဆိုဂုဏ်ပြုကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ခဲ့သည်။

အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်နေ့တွင် ပါဝင်ချီတက်ကြမည့် တပ်မတော်စစ်ကြောင်းများအား ခမ်းနားစွာ ကြိုဆိုဂုဏ်ပြုနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီဖွဲ့စည်း၍ တာဝန်များခွဲဝေချထားပေးပြီး ဖြစ်ပါကြောင်း၊ လုပ်ငန်းများ အဆင်ပြေချောမွေ့အောင်မြင်စွာ ပြီးမြောက်ရေးအတွက် ယခင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအပေါ် သုံးသပ်ကာ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**




# ဆေးဝါးတက္ကသိုလ်မန္တလေး (၁၉)ကြိမ်မြောက်၊ အကြိမ်(၂၀)မြောက်၊ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**မန္တလေး မတ် ၂၂**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဝါးတက္ကသိုလ်(မန္တလေး)၏ (၁၉)ကြိမ်မြောက်၊ အကြိမ်(၂၀)မြောက်၊ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ဆေးဝါးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမျိုးသက်တင်နှင့် ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များသည် စင်မြင့်ပေါ်တွင် နေရာယူကြပြီး ပါမောက္ခချုပ်က ဆေးဝါးပညာရှင်များ၏ ဆောင်ပုဒ်ကို တိုင်ပေးသည်။

ထို့နောက် ဆေးဝါးသိပ္ပံပါရဂူဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးသိပ္ပံပညာဘွဲ့များအတွက် ကောင်းစွာ အောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံရသူများအား ဘွဲ့များအပ်နှင်းချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆေးဝါးတက္ကသိုလ် (မန္တလေး)၏ (၁၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ ၆ ဦး၊ ဆေးဝါးသိပ္ပံပညာဘွဲ့ ၇ ဦး၊ အကြိမ်(၂၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ ၂ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ ၁ ဦး၊ ဆေးဝါးသိပ္ပံပညာဘွဲ့ ၃၉ ဦး၊ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးဝါးမဟာသိပ္ပံဘွဲ့ ၂ ဦး၊ ဆေးဝါးသိပ္ပံပညာဘွဲ့ ၇၅ ဦး အပါအဝင် စုစုပေါင်း ၁၃၂ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်ပြီး ဘွဲ့အပ်နှင်းပေးခြင်းဖြစ်ပြီး ယနေ့ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ချီးမြှင့်ခဲ့သူများ အပါအဝင် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ ၈ ဦး၊ ဆေးဝါးမဟာသိပ္ပံဘွဲ့ ၄၃ ဦး၊ ဆေးဝါးသိပ္ပံပညာဘွဲ့ ၁၇၁၁ ဦးတို့ကို ဘွဲ့များ အသီးသီးချီးမြှင့်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

(၀၉၃)

# ရတနာပုံတက္ကသိုလ်၌ ပါမောက္ခချုပ်နှင့် စီမံရေးရာဝန်ထမ်းများ တွေ့ဆုံပွဲ ကျင်းပ

**မန္တလေး မတ် ၂၂**

ရတနာပုံ တက္ကသိုလ်၌ ပါမောက္ခချုပ်နှင့် စီမံရေးရာဝန်ထမ်းများ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်ရှိ အမရပူရခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ သင်တန်းရေးရာဌာနများမှ ဌာနမှူးများနှင့် စီမံရေးရာဝန်ထမ်းများ တက်ရောက်ကြသည်။



တွေ့ဆုံပွဲတွင် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာ ခင်မော်မော်စိုး၊ ဒေါက်တာမာလာယုအောင်၊ ဒေါက်တာဦးဝင်းနိုင်နှင့် စီမံဘဏ္ဍာဌာနမှူး ဦးဌေးမင်းတို့က ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (၀၈၂)

# လူထုအခြေပြုဗဟိုဌာန၌ အသိပညာပေးဟောပြော သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှု

**မန္တလေး မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့ ညနေပိုင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို



ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဖြိုးပြည့်စုံက မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းအရင်းများ၊ မီးသတ်ဆေးဘူး အသုံးပြုပုံနည်းစနစ်များနှင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရမည့်လုပ်ငန်းစဉ်များကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(၀၅၆)

# နွေရာသီအခြေခံအားကစားသင်တန်းများဆင်းပွဲ ကျင်းပ

**ကျောက်ပန်းတောင်း မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်သည့် ၂၀၂၅ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းများဆင်းပွဲအခမ်းအနားကို မတ် ၂၁ ရက် ညနေ ၃ နာရီက ဈေးကွက်သစ်ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမတွင် ကျင်းပရာ ခရိုင်ဦးစီးမှူး ဒေါ်ညိုညိုထွေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ညောင်ဦးခရိုင်ဦးစီးမှူး၊ မြို့နယ်အားကစားမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသား၊ သင်တန်းသူများ၏ အဖွဲ့လိုက် သရုပ်ပြသမှုများအား ကြည့်ရှုအားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါ အခြေခံအားကစားသင်တန်းများကို ၂၀၂၅ ခုနှစ် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အခြေခံဘောလုံးသင်တန်းတွင် သင်တန်းသား ၄၀ ဦး၊ ကရာတေးသင်တန်းတွင် သင်တန်းသား ၂၀ ဦးနှင့် အေရိုးဗစ်သင်တန်းတွင် သင်တန်းသူ ၂၀ ဦး၊ စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၈၀ ဦး တက်ရောက်ခဲ့ကြောင်း သိရပြီး သင်တန်းဆင်းပွဲသို့ ညောင်ဦးခရိုင် အားကစားမှူး၊ ကျောက်ပန်းတောင်းမြို့နယ် အားကစားမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မိဘများ စုစုပေါင်း ၈၀ ဦးကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၅၆)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၇၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၂၂**

ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးနယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းလျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား ၅၀၊ အီသီယိုးပီးယားနိုင်ငံသား ၁၀၀ နှင့် ကင်ညာနိုင်ငံသား ၂၂ ဦးတို့ကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည် လွှဲပြောင်းပေးမည့် ပြည်ပ နိုင်ငံသားများအား ကောင်းမွန်စွာ ထိန်းသိမ်းထားရှိမှုနှင့် ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၇၂ ဦးတို့၏ ကိုယ်ရေးအချက်အလက်များ၊ မှတ်တမ်းများ စာရင်းကောက်ယူနေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ စာရင်းဇယားအချက်အလက်များ မှန်ကန်ပြည့်စုံစေရေး၊ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် အမြန်ဆုံး စနစ်တကျပြန်လည်လွှဲပြောင်းပေးနိုင်ရေး ကိစ္စရပ်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။



ဇန်နဝါရီ ၃၀ ရက်မှ မတ် ၂၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၀၄၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၅၁၄၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၉၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါ ထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၈၀၄၂ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဓာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ အာဖရိက၊ တူနီးရှား၊ အယ်လ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်းနှင့် တရုတ်(တိုင်ပေ)တို့မှဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရသည်။

သတင်းစဉ်

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် မတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစား ၄က်ပျော ဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေးအသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်) အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားပေးခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)

**ပန်းမန်သစ်ပင် လေသန့်စင်၍**
**ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

## မိုးညှင်းမြို့နယ်တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၂**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မတ် ၁၉ ရက် နံနက် ၁၀ နာရီခွဲက မိုးညှင်းမြို့နယ်နန့်စီးအောင်ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မန္တလေးမြို့ဘက်မှ မိုးညှင်းမြို့ဘက်သို့ ဖြိုးငြိမ်းဦးဆိုသူ မောင်းနှင်ပြီး သန်းထိုက်ဦးဆိုသူ လိုက်ပါလာသည့် MITSUBISHI CANTER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူ အလေးချိန် ၄ ဒသမ ၄ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဖြိုးငြိမ်းဦး(၂၅)နှစ် နှင့် သန်းထိုက်ဦးဆိုသူတို့အား မိုးညှင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## နတ်စင်ကွေ့၌ ၁၀ ဘီးယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**ကျိုင်းတုံ မတ် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ မိုင်ဇင်းကျေးရွာအုပ်စု၊ ပန်လော့(အထက်)ကျေးရွာ၊ နတ်စင်ကွေ့၊ မိုင်တိုင်အမှတ်(၄၀၃/၇)နှင့် (၄၀၄/၀)ကြားတွင် ၁၀ ဘီးယာဉ် မတော်တဆဖြစ်ကာ တိမ်းမှောက်မှု မတ် ၂၀ ရက် ညနေ ၆ နာရီခွဲ က ဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်ရာသို့ ကျိုင်းတုံခရိုင် မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ ကျိုင်းတုံမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးစိုးသူထိုက်နှင့် တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်တစ်စီးဖြင့် ဒေသခံပြည်သူများနှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

အဆိုပါယာဉ် တိမ်းမှောက်မှုဖြစ်စဉ်တွင် အမျိုးသား သုံးဦးထိခိုက်ပွန်းပဲ့ဒဏ်ရာများ(စိုးရိမ်ရ)ရရှိခဲ့ပြီး အခင်းဖြစ်နေရာ၌ သေဆုံးသူ အမျိုးသားတစ်ဦးတို့ကို နှလုံးလှလူမှုကူညီရေးအသင်းယာဉ်၊ တိုင်းနေလူမှုကူညီရေးအသင်းယာဉ်များဖြင့် ကျိုင်းတုံမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

(ဝ၅၇)

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်းကျော် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၄ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၃၄ လမ်းနှင့် ၇၈ လမ်းထောင့်၌ အောင်နိုင်ထွေး(ခ)ဖိုးသားမောင်းနှင်ပြီး ရဲလင်းဖြိုး လိုက်ပါလာသည့် NISSAN ၁၂ ဘီးယာဉ်နှင့် နန်းလင်းမောင်းနှင်ပြီး ရဲဝင်းထက် လိုက်ပါလာသည့် NISSAN ၁၂ ဘီးယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်တွင် ကုန်ပစ္စည်းများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ယင်းနေ့ ည ၁၁ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုးသီဟနှင့် အောင်ဖြိုးကိုတို့အား အမရပူရမြို့နယ် စွယ်တော်ကားဝင်းတွင် ဖမ်းဆီးရမိခဲ့ပြီး မတ် ၁၅ ရက် နံနက် ၁ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုကွက်သစ် ၁၄၀(B)လမ်း ၅၅ x ၅၆ လမ်းကြားရှိနေအိမ်တွင် ၎င်းတို့နှစ်ဦး ဝှက်သိမ်းထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၂ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၆ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ရန် စေခိုင်းသူ ဇော်မင်းထွန်း (ခ)ကိုဇော်(ခ)ပုံတူအား စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။




ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းခြင်းအတွက် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ် သုံးနိုင်ငံသဘောတူညီ

**ဆိုးလ် မတ် ၂၂**

ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ် သုံးနိုင်ငံက ကိုရီးယား ကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးထိန်း သိမ်းခြင်းအတွက် ပူးပေါင်းတာ ဝန်ယူရန် သဘောတူညီခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အဆိုပါသုံးနိုင်ငံမှ နိုင်ငံခြား ရေးဝန်ကြီးများသည် ယမန်နေ့စ် မေလက ဆိုးလ်မြို့တွင် ကျင်းပ ခဲ့သော ရှားပါးသည့် သုံးနိုင်ငံ ထိပ်သီးအစည်းအဝေးအပြီး တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထိုဆွေးနွေးပွဲတွင် သုံးနိုင်ငံ ဆက်ဆံရေးနက်ရှိုင်းစေရန် သဘော တူညီခဲ့ပြီး ကိုရီးယားကျွန်းဆွယ် ကို နျူကလီးယားလက်နက်မဲ့ ဇုန်အဖြစ် ပြောင်းလဲရန် ရည်မှန်း ချက်ကိုလည်း ထပ်လောင်းထုတ် ပြန်ခဲ့သည်။

"ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန်သည် နိုင်ငံသုံးနိုင်ငံ၏ အကျိုးစီးပွားနှင့် တာဝန်ဖြစ် ကြောင်း ကျွန်ုပ်တို့ ပြန်လည် အတည်ပြုခဲ့သည်" ဟု တောင်ကို ရီးယား နိုင်ငံခြားရေးဝန်ကြီး ချိုတယ်ယူးက ထုတ်ဖော်ပြော ကြားသည်။ **Mon**

STOP AIDS

## ဖနွမ်းပင်မြို့တော်ကို ဝန်ဆောင်မှုပေးမည့် လေဆိပ်အသစ် လာမည့် ဇူလိုင်လတွင် ဖွင့်လှစ်နိုင်ရန် မျှော်မှန်းထား

**ဖနွမ်းပင် မတ် ၂၂**

ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏မြို့တော်ကို ဝန်ဆောင်မှု ပေးမည့် လေဆိပ်အသစ်ကို လာ မည့် ဇူလိုင်လတွင် ဖွင့်လှစ်နိုင် ရန် မျှော်မှန်းထားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော် ပြသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကြောင့် ပြတ်တောက်သွားခဲ့ရ သော ကမ္ဘောဒီးယား၏ အမြတ် အစွန်းများသော ခရီးသွားလုပ် ငန်းကို မြှင့်တင်ရန်အတွက် ဤ သည်မှာ အဓိကအဆင့်တစ်ခု ဖြစ်ကြောင်း စီမံကိန်းအရာရှိ တစ်ဦးက မတ် ၂၁ ရက်တွင် ပြောကြားသည်။

ဖနွမ်းပင်လေဆိပ်အသစ် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၉ ခုနှစ်တွင် တေချို တရား ဝင်အပြည်ပြည်ဆိုင်ရာ လေဆိပ် အဖြစ် စတင်ခဲ့ရာ ၂၆၀၀ ဟက်တာကျယ်ဝန်းပြီး မြို့တော် ၏တောင်ဘက် ၃၀ ကီလိုမီတာ အကွာရှိ ကန်ဒါးလ်နှင့် တာကေ အိုပြည်နယ်နှစ်ခု၏ နယ်စပ်တွင် တည်ရှိသည်။

"ဒီလေဆိပ်ကို ၂၀၂၅ ခုနှစ် ဇူလိုင်လမှာ မိတ်ဆက်ဖွင့်ပွဲအဖြစ် စတင်ဖွင့်လှစ်မယ်လို့ ကျွန်တော် ထင်ပါတယ်၊ ဒီလေဆိပ်အသစ် ကို လာရောက်ကြည့်ရှုဖို့ ခရီး သည်တွေ အများကြီး စောင့်မျှော် နေကြပြီး သူတို့တကယ်လာချင် နေကြတယ်လို့ ကျွန်တော်ယုံ ကြည်ပါတယ်" ဟု လေဆိပ်စီမံ ကိန်းညှိနှိုင်းရေးကော်မတီ၏ ဒါရိုက်တာ ချားလ်စ်ဗန်းက ထုတ် ဖော်ပြောကြားကြောင်း သိရ သည်။ **Mon**





## အမေရိကန်၌ ကြက်ဥဈေးနှုန်းများကို လျှော့ချနိုင်ရန် ရည်ရွယ်၍ တူရကီနှင့် တောင်ကိုရီးယားမှ ကြက်ဥများကို တင်သွင်းမည်

**ဝါရှင်တန် မတ် ၂၂**

ထရမ့်အစိုးရသည် အမေရိ ကန်စားသုံးသူများအတွက် စံချိန် တင်မြင့်တက်နေသော ကြက်ဥ ဈေးနှုန်းများကို လျှော့ချနိုင်ရန် ရည်ရွယ်၍ တူရကီနှင့် တောင်ကို ရီးယားနိုင်ငံများမှ ကြက်ဥများကို တင်သွင်းရန် စီစဉ်နေပြီး အခြား နိုင်ငံများနှင့်လည်း ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ဘီဘီစီသတင်း ဌာနက ဖော်ပြသည်။

အရေအတွက်အားဖြင့် သန်း ရာချီသော ကြက်ဥများကို ရေတို ကာလအတွင်း တင်သွင်းရန် စီစဉ်နေသည်ဟု စိုက်ပျိုးရေး ဝန်ကြီး ဘရွတ်ခ်ရိုးလင်းစ်က အိမ်ဖြူတော်တွင် သတင်း ထောက်များကို ထုတ်ဖော်ပြော ကြားသည်။

အမေရိကန်မွေးမြူရေးလုပ် ငန်းများတွင် ကြက်များကို သန်းနှင့်ချီ၍ သုတ်သင်စေခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါ ကပ် ဆိုးကို တိုက်ဖျက်ရန် ဒေါ်လာ ၁ ဘီလီယံ (ပေါင် ၇၉၂ သန်း) အကုန်ကျခံမည့် အစီအစဉ်ကို ကြေညာပြီးနောက် ကြက်ဥများ တင်သွင်းရေးအတွက် စီစဉ်ခြင်း ဖြစ်သည်။

ကုန်ဈေးနှုန်းများ လျှော့ကျ စေရမည်ဟူသော သမ္မတ ထရမ့် ၏ ရွေးကောက်ပွဲကတိကဝတ် ရှိသော်လည်း ကြက်ဥဈေးနှုန်း များသည် လွန်ခဲ့သည့် တစ်နှစ် အတွင်း ၆၅ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ပြီး ၂၀၂၅ ခုနှစ် တွင် ၄၁ ရာခိုင်နှုန်း ထပ်မံမြင့်တက် လာမည်ဟု ခန့်မှန်းထားသည်။

မိမိတို့ ဌာနအနေဖြင့် ထောက်ပံ့မှုအသစ်များရရှိရန် အခြားနိုင်ငံများနှင့်လည်း ဆွေးနွေး မှုများ ပြုလုပ်နေသည်ဟု ဘရွတ်ခ် ရိုးလင်းစ်က ပြောကြားကြောင်း သိရသည်။ **Mon**

## ဟီးသရိုးလေဆိပ်ကို ပြန်လည်ကြိုဆိုသည့်အနေဖြင့် စင်ကာပူလေကြောင်းလိုင်းဝန်ဆောင်မှု ပြန်လည်စတင်

**ဆိုးလ် မတ် ၂၂**

စင်ကာပူလေကြောင်းလိုင်း သည် လန်ဒန်မြို့တော်ရှိ ဟီးသရိုး လေဆိပ်တွင် လေယာဉ်များ ဆိုးရွားစွာ ပျက်စီးမှုကြောင့် ယာယီပိတ်လိုက်ရပြီးနောက် ထိုလေဆိပ်ကို ပြန်လည်ကြိုဆို သည့်အနေဖြင့် မတ်၂၂ ရက်တွင် ပြည့်စုံသော ဝန်ဆောင်မှုကို ပြန်လည်စတင်ခဲ့ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။



စင်ကာပူလေဆိပ်မှ ဟီးသရိုး သို့ သွားရောက်သည့် ပထမဆုံး စင်ကာပူလေကြောင်းလိုင်းပိုင် လေယာဉ်ဖြစ်သည့် အက်စ်ကျူ ၃၀၈ သည် မတ် ၂၂ ရက် ဒေသစံ တော်ချိန် နံနက် ၉ နာရီတွင် ထွက်ခွာခဲ့သည်။

ဟီးသရိုးမှ စင်ကာပူသို့ ထွက် ခွာမည့် လေယာဉ်နှစ်စီး၏ခရီးစဉ် ကို ပယ်ဖျက်ခဲ့ရသော်လည်း ဟီးသရိုးသို့ ဦးတည်သည့် အခြား စင်ကာပူလေယာဉ်သုံးစင်း ဆက် လက် ထွက်ခွာခဲ့သည်။

လန်ဒန်မှ အခြား SIA လေယာဉ်များသည် စီစဉ်ထား သည့်အတိုင်း ဆက်လက်ပျံသန်း နေကြောင်း ဟီးသရိုးလေဆိပ် ဝက်ဘ်ဆိုက်တွင် ဖော်ပြထား သည်။

ယခုအခါ ဟီးသရိုးလေဆိပ် သည် လေယာဉ်အချို့ စတင် ပျံသန်းနိုင်ရန်အတွက် ဘေးကင်း လုံခြုံပြီဖြစ်သည်ဟု ယင်းလေဆိပ် ပြောရေးဆိုခွင့်ရှိသူက ပြောကြား ခဲ့ကြောင်း သိရသည်။ **Mon**

## ဘာလီကျွန်းအပန်းဖြေစခန်းအနီး ပင်လယ်ပြင်တွင် လှေတစ်စီး တိမ်းမှောက်၊ အမျိုးသမီးတစ်ဦး သေဆုံး



**ဂျကာတာ မတ် ၂၂**

အင်ဒိုနီးရှားနိုင်ငံ ဘာလီ ကျွန်းအပန်းဖြေစခန်းအနီး ပင် လယ်ပြင်တွင် မတ် ၂၁ ရက်က လှိုင်းကြီးများကြောင့် ပင်လယ် နဂါးဟု အမည်ပေးထားသော လှေ တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားရာ အမျိုးသမီးတစ်ဦး သေဆုံးကာ အခြား နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း စီအင်န် အိုင်သတင်းဌာနက ဖော်ပြသည်။

ဘာလီကျွန်းရှိ ဆိပ်ကမ်း တစ်ခုမှ လူကြိုက်များသော နူ ဆာပေနီဒါကျွန်းငယ်လေးသို့ သွားရောက်နေစဉ် သြစတြေးလျ ခရီးသွား ၁၁ ဦး အပါအဝင် လူ ၁၃ ဦး စီးနင်းလိုက်ပါလာသော လှေတိမ်းမှောက်ခဲ့ခြင်းဖြစ် ကြောင်း ဒေသခံရဲတပ်ဖွဲ့ ပြော ရေးဆိုခွင့်ရှိသူက အတည်ပြု သည်။

လိုက်ပါလာသူများ ရေ အောက်ရှုခင်းကို ကြည့်ရှုနေစဉ် လှိုင်းကြီးတစ်ခုက လှေကိုရိုက် ပုတ်ခဲ့ပြီးနောက် ဒုတိယလှိုင်းက လှေကို မှောက်စေခဲ့ကြောင်း သိ ရသည်။ **Mon**

## ဖူဂျီမီးတောင် ပေါက်ကွဲလျှင် လိုက်နာရမည့်လမ်းညွှန်ချက်များ တိုကျိုမြို့နေ လူဦးရေ ၄၄ သန်းကျော်ထံ ကြိုတင်ထုတ်ပြန်

**တိုကျို မတ် ၂၂**

ဂျပန်ကျွမ်းကျင်သူများအဖွဲ့ က မတ် ၂၁ ရက်တွင် တိုကျို မြို့တော်၌ နေထိုင်သူများအတွက် ဖူဂျီမီးတောင်ပေါက်ကွဲမှု ဖြစ်ပွား ပါက လိုက်နာရမည့် လမ်းညွှန် ချက်များထုတ်ပြန်ခဲ့ပြီး မီးတောင် မှထွက်သော ပြာများ ပြင်းထန်မှု မရှိပါက အိမ်ထဲ၌သာနေရန် အကြံပြုထားကြောင်း စီအင်န် အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုလမ်းညွှန်ချက်များကို ဝန်ကြီးချုပ်ရုံးမှ စုစည်းထား သော ကျွမ်းကျင်သူများက ဒေသ တွင် နေထိုင်သည့် လူဦးရေ ၄၄ သန်းကျော်ထံ ကြိုတင်ထုတ် ပြန်ခဲ့ခြင်းဖြစ်သည်။

၃၇၇၆ မီတာ မြင့်သော ဖူဂျီ မီးတောင်ပေါက်ကွဲမှုအတွက် မြို့ နယ်များနှင့် အိမ်ထောင်စုများအား အစားအစာနှင့် ရေကဲ့သို့သော အရေးပေါ်ပစ္စည်းများ ဆောင် ထားရန် တိုက်တွန်းထားသည်။

ထိုမီးတောင် နောက်ဆုံး ပေါက်ကွဲခဲ့သည်မှာ ၁၇၀၇ ခုနှစ် က ဖြစ်ကြောင်း သိရသည်။ **Mon**



# နိုင်ငံတကာ အားကစား သတင်းများ

## ဇာဗီဆိုင်မွန်၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၈၀ အဖြစ် လိုက်ပဇစ်အသင်း သတ်မှတ်

**မြူးနစ် မတ် ၂၂**

လိုက်ပဇစ်အသင်းသည် အသင်းတောင်ပံကစားသမား ဇာဗီဆိုင်မွန်၏ ပြောင်းရွှေ့ကြေးအား ယူရို သန်း ၈၀အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက် အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ဇာဗီဆိုင်မွန်သည် လိုက်ပဇစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၅ပွဲကစားပြီး ၈ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

လိုက်ပဇစ်အသင်းကလည်း ဇာဗီဆိုင်မွန်အတွက် ၎င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လိုက်ပဇစ်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဇာဗီဆိုင်မွန်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ပစ်တာအိုဆင်ဟန်အား ခေါ်ယူရန် ဂျူဗင်တပ်အသင်း စီစဉ်



**တူရင် မတ် ၂၂**

ဂျူဗင်တပ်အသင်းသည် နာပိုလီအသင်းတိုက်စစ်မှူး ဗစ်တာအိုဆင်ဟန်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံး ရာသီတွင် နာပိုလီအသင်းမှ ဂါလာတာစာရေးအသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ပွဲ ၃၀ကစားကာ ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂျူဗင်တပ် အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နာပိုလီအသင်းကလည်း ဗစ်တာအိုဆင်ဟန်အတွက် မြင့်မားသည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းအနေဖြင့် လာမည့် နွေရာသီ ဈေးကွက်အတွင်းတွင် နာပိုလီအသင်းထံမှ ဗစ်တာအိုဆင်ဟန်အား ရရှိအောင် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ David Goffin တက်ရောက်

**မိုင်ယာမီ မတ် ၂၂**

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဘယ်လ်ဂျီယံ တင်းနစ်ကစားသမား David Goffin တက်ရောက်ခဲ့သည်။

အဆိုပါဘယ်လ်ဂျီယံတင်းနစ်ကစားသမား David Goffin သည် 2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz အား ၅-၇၊ ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

2025 Miami Open presented by Itau တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဘယ်လ်ဂျီယံ တင်းနစ်ကစားသမား DavidGoffin နှင့် အမေရိကန်တင်းနစ်ကစားသမား Brandon Nakashima တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(ယာပုံ) (NGB)**



## အာဂျင်တီးနားအသင်းက ဥရုဂွေးအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် မတ် ၂၂**

၂၀၂၆ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲ)အဖြစ် ယနေ့ နံနက်ပိုင်းက အာဂျင်တီးနားအသင်းနှင့် ဥရုဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ဥရုဂွေးအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၆၈ မိနစ်တွင် အယ်မေးဒါးက သွင်းယူပေးခဲ့သည်။

အာဂျင်တီးနားအသင်းသည် ၂၀၂၆ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ (တောင်အမေရိကဇုန်-ခြေစစ်ပွဲ) အဖြစ် လာမည့် မတ် ၂၆ ရက်တွင် ဘရာဇီးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## ဒီဘာလာ တံကောက်ကြောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူမည်ဖြစ်သောကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိ

**တူရင် မတ် ၂၂**

ရိုးမားအသင်း တိုက်စစ်မှူး ဒီဘာလာ တံကောက်ကြောဒဏ်ရာ ခွဲစိတ်ကုသမှုခံယူမည်ဖြစ်သောကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် မတ် ၁၆ရက်က ရိုးမား အသင်းက ကက်ဂလီယာရီအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားရင်း ဒဏ်ရာရရှိခဲ့ကာ အဆိုပါ ဒဏ်ရာအား လက်ရှိအချိန် ခွဲစိတ်ကုသမှု ခံယူသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဒီဘာလာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရိုးမားအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီဘာလာသည် ရိုးမားအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၃ပွဲကစားပြီး ၄၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



## အင်္ဂလန်အသင်းသမိုင်းတွင် အသက်အငယ်ဆုံးဂိုးသွင်းသူအဖြစ် မိုင်လ်လူးဝစ်စကယ်လီယာ မှတ်တမ်းဝင်

**လန်ဒန် မတ် ၂၂**

နောက်ခံကစားသမား မိုင်လ်လူးဝစ်စကယ်လီယာ(အသက် ၁၈နှစ် ၁၇၆ရက်)သည် အင်္ဂလန်လက်ရွေးစင်အသင်းသမိုင်းတွင် အသက်အငယ်ဆုံး ဂိုးသွင်းသူအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်-အုပ်စုအဆင့်) ပွဲစဉ်အဖြစ် အင်္ဂလန်အသင်းက အယ်လ်ဘေးနီးယားအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား မိုင်လ်လူးဝစ်စကယ်လီယာသည် အင်္ဂလန် လက်ရွေးစင်အသင်းကြီးတွင် စတင်ပါဝင်ကစားခွင့်ရရှိသည့် ပွဲမှာပင် ပထမဆုံး ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မိုင်လ်လူးဝစ်စကယ်လီယာက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေအပြင် လက်ရွေးစင်အသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## ဂိုးသမား အလစ်ဆင် ဒဏ်ရာကြောင့် ဘရာဇီးလက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်

**လန်ဒန် မတ် ၂၂**

ဘရာဇီးလက်ရွေးစင်အသင်း ဂိုးသမား အယ်လစ်ဆင်သည် ခေါင်းဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ပြီဖြစ်သည်။

အဆိုပါ ဂိုးသမားသည် ၂၀၂၆ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲ)အဖြစ် ဘရာဇီးအသင်းက ကိုလံဘီယာအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ပြိုင်ဘက်ကစားသမားနှင့် ခေါင်းချင်းတိုက်မိပြီးနောက် ခေါင်းဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ဂိုးသမား အယ်လစ်ဆင် ဒဏ်ရာကြောင့် လက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့သည့်အတွက် အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဂိုးသမား အယ်လစ်ဆင်သည် ဘရာဇီးလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၅မှ ၂၀၂၅အထိ ပြိုင်ပွဲပေါင်း ၇၂ပွဲကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



## ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ (Play-offs)(ဒု-ကျော့) ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု ရလဒ် |
|---|---|---|---|
| ၂၃-၃-၂၀၂၅ တနင်္ဂနွေနေ့ | ည ၈း၃၀ နာရီ | ဂျော်ဂျီယာ - အာမေးနီးယား | အာမေးနီးယား ၀-၃ ဂျော်ဂျီယာ |
| ။ | ည ၁၁း၀၀ နာရီ | ဟန်ဂေရီ - တူကီယဲ | တူကီယဲ ၃-၁ ဟန်ဂေရီ |
| ။ | ။ | ဆားဘီးယား - သြစတြီးယား | သြစတြီးယား ၁-၁ ဆားဘီးယား |
| ။ | ။ | စကော့တလန် - ဂရိ | ဂရိ ၀-၁ စကော့တလန် |
| ။ | ။ | အိုက်စလန် - ကိုဆိုဗို | ကိုဆိုဗို ၂-၁ အိုက်စလန် |
| ။ | ။ | ဆလိုဗေးနီးယား - ဆလိုဗက်ကီးယား | ဆလိုဗက်ကီးယား ၀-၀ ဆလိုဗေးနီးယား |
| ၂၄-၃-၂၀၂၅ တနင်္လာနေ့ | နံနက် ၀၂း၄၅ နာရီ | ဘယ်လ်ဂျီယံ - ယူကရိန်း | ယူကရိန်း ၃-၁ ဘယ်လ်ဂျီယံ |
| ။ | ။ | အိုင်ယာလန် - ဘူလ်ဂေးရီးယား | ဘူလ်ဂေးရီးယား ၁-၂ အိုင်ယာလန် |
| ။ | ။ | စပိန် - နယ်သာလန် | နယ်သာလန် ၂-၂ စပိန် |
| ။ | ။ | ပြင်သစ် - ခရိုအေးရှား | ခရိုအေးရှား ၂-၀ ပြင်သစ် |
| ။ | ။ | ပေါ်တူဂီ - ဒိန်းမတ် | ဒိန်းမတ် ၁-၀ ပေါ်တူဂီ |
| ။ | ။ | ဂျာမနီ - အီတလီ | အီတလီ ၁-၂ ဂျာမနီ |



## နွေစပါးစိုက်ပျိုးနေမှုအား တာဝန်ရှိသူများ ကြည့်ရှုအားပေး



**ကျောက်ဆည် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဆည်၊ မြောင်း၊ ချောင်း၊ ကန်ပေါ်များပြီး ဒေသတွင်းဆန်စပါးဖူလုံပိုလျှံရေး တစ်နှစ်ပတ်လုံးဆန်စပါးကို အဓိကထားစိုက်ပျိုးကြကြောင်းနှင့် မတ် ၁၉ရက် နံနက် ၁၀နာရီက မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့် တာဝန်ရှိသူများသည် ပတ္တာကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေထုတ်လုပ်ရေး သမဝါယမအသင်းသားတောင်သူ ဒေါ်မြင့်မြင့်အေး၏ ကွင်းအမှတ်(၂၀၉-က)၊ ဦးပိုင်(၄၁)ရှိ နွေစပါး ၃ ဧက စိုက်ပျိုးနေမှုများအား ကြည့်ရှုအားပေးခဲ့ပြီး တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်ဝရေး အားပေးစကားများ ပြောကြားခဲ့သည်။

ကျောက်ဆည်မြို့နယ် ပတ္တာကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေထုတ်လုပ်ရေးသမဝါယမ အသင်းတွင် နွေစပါးစိုက်ပျိုးသည့် အသင်းသားတောင်သူ ၄၆ ဦးက နွေစပါး ၃၀၀ဧက စိုက်ပျိုးလျက်ရှိကြောင်းနှင့် ကျောက်ဆည်မြို့နယ်တွင် နွေစပါးစိုက်ပျိုးသည့် အခြေခံသမဝါယမအသင်းပေါင်း ၁၁ သင်း၊ အသင်းသားဦးရေ ၃၈၂ ဦးက နွေစပါး ဧက ၂၀၀၀ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

**(အပေါ်ဝဲပုံ)(၄၈၅)**



## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပျဉ်းမနား မတ် ၂၂**

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူလူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံထူးချွန်သည့် လူငယ်များပေါ်ထွန်းလာစေရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ လူငယ်စာဖတ်ဝိုင်းများနှင့် အသိပညာပေးဟောပြောပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၁၈ရက် နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ လူထုအခြေပြုဗဟိုဌာန(Community Cen-tre)ခန်းမ၌ လူငယ်အကျိုးပြုလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာအကြီးကိုကို(ကသာ)က ပျဉ်းမနားမြို့နယ် ပြည်သူ့စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်က လက်ခံရယူခဲ့သည်။

ထို့နောက် စာရေးဆရာအကြီးကိုကို(ကသာ)က "ပထမတန်းစားလူ၊ ပထမတန်းစားနိုင်ငံ" ခေါင်းစဉ်ဖြင့် လူငယ်ရေးရာအသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူလူငယ်များက ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် လူငယ်အသိပညာပေး နံရံကပ်ပြဘုတ်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တစ်နိုင်တစ်ပိုင် ဖရုံစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**နတ်မောက် မတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် အင်းကုန်းကျေးရွာရှိ တောင်သူများသည် မြေအောက်ရေပေးသွင်းခြင်း ဖြင့် စားဖိုချောင်သုံးဟင်းသီးဟင်းရွက်များဖြစ်သည့် ဘူး၊ ဖရုံ၊ သခွားမွေး၊ ခရမ်းချဉ်၊ ခရမ်းသီး၊ မုန်လာ၊ ပန်းဂေါ်ဖီ၊ ကြက်ဟင်းခါး၊ ကန်စွန်း၊ မုန်လာဥဖြူ၊ ဆလတ်စသည့် သီးနှံများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း စိုက်ပျိုးသူများထံက သိရသည်။

ကျေးရွာများရှိ တောင်သူများသည် ဖရုံစိုက်ပျိုးရာတွင် မြေအဆင့်အတန်းအသင့်အတင့်ရှိသည့်မြေများ၌ ထယ်ရေးနက်အောင်ထိုးကာ နွားချေး၊ သဘာဝမြေသြဇာကို ကျင်းထဲတွင်ထည့်၍ စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။ အတန်းလိုက် စိုက်ပျိုးရာတွင် တစ်တန်းနှင့် တစ်တန်းအကွာအဝေးမှာ ထွန်တုံးတစ်ပြန်ထားပြီး ကျင်းတူးကာ ဖရုံမျိုးစေ့ကို မြေအောက်ရေအသုံးပြု၍ ရေသွင်းစိုက်ပျိုးကြကြောင်း ဒေသခံတောင်သူများထံက သိရသည်။

"အခုစိုက်ပျိုးတဲ့ ဖရုံမျိုးက ဒေသမျိုးမဟုတ်ပါဘူး။ စိုက်ပျိုးရေးဆိုင်များက ဖရုံအရွက်စားရန်အတွက် မျိုးစေ့တစ်ထုပ် ငွေကျပ် ၁၃၀၀၀ ပေးဝယ်ရပါတယ်။ မျိုးအမည်များက တစ်လုံး တစ်ခြမ်းမျိုးလို့ခေါ်တယ်။ ဖရုံသီးအသီးအတွက်ကတော့ မျိုးစေ့တစ်ထုပ်ငွေကျပ် ၁၄၀၀၀ ပေးရပါတယ်။ ဖရုံမျိုးအမည်ကိုတော့ ပစ်တိုင်းထောင်မျိုးလို့ ခေါ်ပါတယ်။ ယခုကာတွင် အညွန့်ခူးယူရောင်းချခြင်းမပြုဘဲ အသီးကိုသာ ခူးယူရောင်းချကြောင်း၊ ဖရုံသီးတစ်လုံးကို ငွေကျပ် ၄၀၀ နှုန်းဖောက်သည်ဈေးရောင်းရပြီး နှစ်ရက်တစ်ကြိမ်ခူးယူရောင်းချရတဲ့အတွက် မိသားစုအပိုဝင်ငွေရရှိတာပေါ့ဟု" ဖရုံစိုက်ပျိုးသူ မနွယ်နွယ်ကပြောသည်။

မြို့နယ်အတွင်းရှိ အင်းကုန်း၊ ကြူအိုင်၊ န/လက္ခပွင်၊ ဘုန်းတော်ပြည့်၊ တွင်းကြီး၊ ရွာမွန်၊ကျောင်းရွာလေး၊ ပ/လက္ခပွင် ကျေးရွာများတွင် မြေအောက်ရေကို အဝီစိတွင်းမှ ဒိုင်းရှင်း(လက်ဆွဲမီးစက်)ဖြင့် ရေတင်၍ ဖရုံစိုက်ခင်းကို ရေပေးစိုက်ပျိုးကြကြောင်း၊ ဖရုံမျိုးစေ့များကို တစ်ထုပ်မှ နှစ်ထုပ်အထိ တစ်နိုင်တစ်ပိုင်စိုက်ပျိုးကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မှုမှုစန်း**



## စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးမှုကို တောင်သူများအား ဝန်ဆောင်မှုပေးလျက်ရှိ



**မြစ်သား မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ခန္တောကျေးရွာကွင်းအမှတ်(၅၃၁/ခ)၊ ဦးပိုင်အမှတ်(၁၇/၂) တောင်သူ ဦးဌေးကြိုင်၏လယ်မြေ(၄)ဧကတွင် နွေစပါး(GW11 နှင့်အောင်နိုင်တိုးမျိုး)ကို စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၄) စက်မှုလယ်ယာစခန်း မြစ်သားမြို့ ဝန်ထမ်းများမှ ယမန်နေ့ နံနက်ပိုင်းက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးခဲ့သည်။

ရှေးဦးစွာ မြစ်သားမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရားကိုင်ထန်းက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် ကောက်ကွက်ပြည့်မီကာ ပန်းတိုင်အထွက်နှုန်းတိုးမည်ဖြစ်ကြောင်း၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ အလုပ်သမားများရှာဖွေရသည့် အခက်အခဲလျော့ကျခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပြီးစီးမှုပိုမိုခြင်း၊ သက်တောင့်သက်သာ စိုက်ပျိုးနိုင်ခြင်း၊ ပျိုးထောင်ဧရိယာအနည်းငယ်သာလိုအပ်ခြင်း၊ ပျိုးပင်များ ပြုစုထိန်းသိမ်းမှုလွယ်ကူစိတ်ချရခြင်း၊ သန်မာ၍ ရောဂါကင်းသော ပျိုးပင်များရရှိခြင်း၊ လေဝင်၊ လေထွက်ကောင်းပြီး ကောက်ကွက်ဝင်ဆံ့မှု တိကျမှန်ကန်ခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးခင်းအား စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်းကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ်(၆၄) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးမှုနည်းစနစ်များကို ဒေသခံတောင်သူများအား လက်တွေ့အသုံးချစိုက်ပျိုးပေးကာ ဝန်ဆောင်မှုများပေးလျက်ရှိကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(အပေါ်ဝဲပုံ)**

**သီတာအောင်(မြစ်သား)**

* – * – * – * – *

* – * – * – * – * – *

## အပူဒဏ်ဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် မတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပေးပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်က မြို့နယ်စည်ပင်သာယာဈေး ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ၊ ကားဂိတ်များနှင့် ပြည်သူ့ဆေးရုံ တက်ရောက်နေသူများအား အသိပညာပေးဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ် မြို့မကျန်းမာရေးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ကျန်းမာရေးဝန်ထမ်းများက စည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများ၊ ကားဂိတ်တို့ရှိ ခရီးသည်များနှင့် ခရိုင်ပြည်သူ့ဆေးရုံတွင် တက်ရောက်နေသည့် လူနာများ၊ လူနာစောင့်များအား အသိပညာပေး ဟောပြောပေးခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဗီနိုင်း၊ ပိုစတာများအား ချိတ်ဆွဲဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**





## ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မိုင်းယန်း မတ် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် ကျေးရွာဒေသခံတိုင်းရင်းသားပြည်သူများ၏ စိုက်ပျိုးမွေးမြူရေး၊ လူမှုရေး၊ စီးပွားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ကွင်းဆင်းအသိပညာပေးခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက မိုင်းလွေကျေးရွာအုပ်စု၊ ပုံလုံကျေးရွာ၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ အသိပညာပေးကွင်းဆင်းဆောင်ရွက်ရာတွင် မိုင်းယန်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းသန့်က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူလျှော့ချရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်ကြောင်းကြီး(၅)ကြောင်းတွင် ပါဝင်သောမြို့နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းဆွေးကြရာ တက်ရောက်လာကြသော ကျေးရွာနေပြည်သူများက လိုအပ်လျက်ရှိသော သောက်သုံးရေးရရှိနိုင်ရေး၊ ပညာရေးနှင့် စသည့်လုပ်ငန်းဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အချိန်စေ့လွန်အကြွေးကျန်ငွေများ ပြန်လည်ပေးဆပ်

**မြစ်သား မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများအား နှစ်စဉ်ထုတ်ချေးပေးလျက်ရှိရာ ယခုအခါ ကျန်ရှိနေသည့်ကျေးရွာများမှ ဒေသခံတောင်သူများက အချိန်စေ့လွန်အကြွေးကျန်းငွေများ ပြန်လည်ပေးဆပ်ခြင်းကို ယနေ့ နံနက် ၉နာရီခွဲက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ချေးငွေများပေးဆပ်ခဲ့ကြသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှချေးငွေများ ထုတ်ချေးပေးရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ(၉၂)အုပ်စုမှ ကျန်ရှိ သောရပ်ကွက်၊ ကျေးရွာများကို ယခင်နှစ်ချေးငွေ အချိန်မီပြန်လည်ပေးဆပ်ပြီးသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ဒေသခံတောင်သူများအား ဦးစားပေးထုတ်ချေးပေးလျက်ရှိကြောင်းနှင့် နိုင်ငံတော်မှ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သည့်တောင်သူများအား စိုက်ပျိုးစရိတ်အရင်းအနှီးရရှိစေရေးအတွက် နှစ်စဉ်ထုတ်ချေးပေးလျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(အောက်ပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## ကြက်သွန်နီ ဧက ၉၀၅၀ စိုက်ပျိုးခဲ့ပြီး ပိဿာ ၁၈၀၀၀၀ ထွက်ရှိ

**ကျောက်ဆည် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဆန်စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ချည်မျှင်ရှည်ဝါ၊ ပဲမျိုးစုံ၊ ငရုတ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကွမ်း၊ ငှက်ပျော၊ သရက်၊ ရှောက်၊ သံပရာစသည့် သီးနှံမျိုးစုံ စိုက်ပျိုးကြပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကြက်သွန်နီဧက ၉၀၅၀ စိုက်ပျိုးခဲ့ပြီး ပိဿာ ၁၈၀၀၀၀ ထွက်ရှိသည်။



ကျောက်ဆည်မြို့နယ် ကြက်သွန်နီစိုက်ပျိုးတောင်သူများအနေဖြင့် ဥအဝိုင်း(ရွှေဖလား)ဒေသအခေါ် မြစ်သားကြက်သွန်နီမျိုးများကို အဓိကထားပြီး စိုက်ပျိုးကြကြောင်းနှင့် ထိပ်မောက်(မြင်းခြံ)မျိုးများလည်း စိုက်ပျိုးကြကြောင်း၊ ကြက်သွန်နီများကို သီတင်းကျွတ်လဆန်းပိုင်းတွင် မျိုးစေ့များစတင်ပျိုးထောင်၍ ပျိုးပင်သက်တမ်း ရက်ပေါင်း ၄၀ အရွယ်တွင် ပြောင်းရွှေ့စိုက်ပျိုးကြကြောင်း၊ ကြက်သွန်တစ်ဧက ပျမ်းမျှပိဿာ ၂၄၀၀ ထွက်ရှိကြောင်း၊ ထိပ်မောက်(မြင်းခြံ) ကြက်သွန်မျိုးသည် တစ်ဧကပျမ်းမျှပိဿာ ၃၀၀၀ ထွက်ရှိကြောင်း ကြက်သွန်နီစိုက်ပျိုးသူများထံမှ သိရသည်။

**(ဝဲပုံ)(၄၈၅)**

## ပြည်သူ့စာကြည့်တိုက်တွင် မြန်မာ့ရိုးရာသနပ်ခါးပွဲတော် ကျင်းပ

**တောင်တွင်းကြီး မတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ကြိုးစားဆောင်ရွက်နေသည့် မြန်မာ့ရိုးရာသနပ်ခါးနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် မြန်မာ့ရိုးရာသနပ်ခါးပွဲတော်ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က မြန်မာ့ရိုးရာသနပ်ခါးပွဲတော်ကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ၊ ဗိသနိုးဌာနစုမှ တာဝန်ခံဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်က လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့အကြောင်း၊ မြန်မာ့သနပ်ခါးကို ရရှိအသုံးပြုသည့်နည်းလမ်းများအကြောင်း၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်နေသည့်အခြေအနေများ၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို UN-ESCO အသိအမှတ်ပြုစာရင်းတင်သွင်းခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်အကြောင်းအရာများနှင့်ပတ်သက်၍ အကျယ်တဝံ့ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ခင်းကျင်းထားသည့် သနပ်ခါးကျောက်ပျဉ်၊ သနပ်ခါးတုံးတို့ဖြင့် သနပ်ခါးသွေးကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လိမ်းခြယ်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိသနိုးမြေ)**



## ဆည်ရေ၊ ကန်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၃၃၂၈၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး စတင်စိုက်ပျိုးလျက်ရှိ

**မိတ္ထီလာ မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဆည်ရေ၊ ကန်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၃၃၂၈၅ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး စတင်စိုက်ပျိုးလျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များတွင် ဆည်ရေ၊ ကန်ရေအပြင် စက်ရေတွင်းများဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးလျာထားပြီး စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာကန်၊ မုန်တိုင်၊ ချောင်းကောက်၊ သင်ပုန်းဆည်၊ မင်းလှကန်၊ စမုံဆည်၊ ကင်းတားဆည်၊ တောင်ပုလုကန်ပုဂ္ဂလိက ဆည်၊ ဆိုလာရေတင်နှင့် လျှပ်စစ်ရေတင်တို့ဖြင့် မိတ္ထီလာခရိုင်၏ နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးဧက ၃၃၂၈၅ ဧက စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ခဲ့သည်။ ယင်းသို့ လျာထားသတ်မှတ်ရာတွင် မိတ္ထီလာမြို့နယ်တွင် နွေစပါးစိုက်ဧက ၅၇၀၊ နွေနှမ်းစိုက်ဧက၂၅၀ ဧက၊ မလှိုင်မြို့နယ်တွင် နွေစပါးစိုက် ဧက ၇၅ဧက၊ မိုးကြိုဝါစိုက်ဧက ၅၀၊ မိုးကြိုပဲတီစိမ်းစိုက်ဧက ၃၀ တို့ကို စိုက်ပျိုးသွားမည် ဖြစ်သည်။ ၎င်းအပြင် သာစည်မြို့နယ်တွင် နွေစပါးစိုက်ဧက ၄၅၀၊ နွေနှမ်းစိုက်ဧက ၁၂၀၊ ဝါစိုက်ဧက ၁၀၀၀၊ ဝမ်းတွင်းမြို့နယ်တွင် နွေစပါးစိုက် ဧက ၁၉၆၀၅ဧက၊ နွေနှမ်းစိုက်ဧက ၇၇၂၈ဧက၊ ပဲတီစိမ်း ၂၆၂၃ ဧက၊ ငရုတ် စိုက်ဧက ၂၂၀၊ ဝါစိုက်ဧက ၅၆၄ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ရာ မိတ္ထီလာခရိုင်တွင် ဆည်ရေကန်ရေဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၃၃၂၈၅ဧကကို စိုက်ပျိုးသွားရန် သတ်မှတ်လျာထားပြီး ၎င်းနွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၅ ရက်မှစတင်၍ စိုက်ပျိုးရေများ လွှတ်ပေးလျက်ရှိသည်။

မိတ္ထီလာခရိုင်အတွင်းရှိ နွေစပါးနှင့် အခြားသီးနှံများ သတ်မှတ်လျာချက်များ ပြည့်မီရေးနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ တိုင်းဒေသကြီး မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့၊ ခရိုင်အဆင့် မြေပြင်ကွင်းဆင်းကြီးကြပ်ရေးအဖွဲ့တို့မှ ခရိုင်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေးတောင်သူများ စိုက်ပျိုးရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် စိုက်ပျိုးရာတွင် လိုအပ်သည့်စိုက်ပျိုးရေ၊ မျိုးစေ့၊ သွင်းအားစု၊ ပိုးမွှားကာကွယ်ဆေးများ ဖြည့်ဆည်းပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၆၉)**



# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၁၁၄)

သွယ်အောင်

၁၉၉၄၊ အောက်တိုဘာလမှစ၍ 'စွာစော်ကဲ' ကလောင်ဖြင့် ရတနာပုံနေ့စဉ်သတင်းစာတိုက်သို့ ကာတွန်းဆွဲပို့ဖြစ်သည်။ ရတနာပုံသတင်းစာတိုက်သို့ ရောက်သောအခါ သတင်းစာတိုက်အောက်ထပ်တွင် တွေ့ရသော လူတစ်ဦးအား 'ကာတွန်းပုံ ပို့ချင်လို့ ဘယ်မှာပေးရမလဲ'ဟု မေးကြည့်သည်။

ထိုသူက 'မြောက်ဘက်အခြေရှိ လှေကားမှ ဒုတိယထပ်သို့ တက် သွားပြီး ပေးလို့ရပါတယ်'ဟု ပြန်ဖြေသည်။ ကျွန်တော်လည်း လှေကားအတိုင်း အပေါ်တက်သွားပြီး ကာတွန်းစာမူပို့ရမည့်စားပွဲသို့ ကာတွန်းပုံနှစ်ပုံ တင်ထားခဲ့သည်။

ရတနာပုံသတင်းစာတိုက်သည် ဆိုင်းဘုတ်အမည်ပြောင်းသွားသော်လည်း ဟံသာဝတီသတင်းစာတိုက် ဟောင်းဖြစ်နေ၍ လွန်ခဲ့သော နှစ်များစွာက ဖွင့်လှစ်ခဲ့သည့် ဟံသာဝတီသတင်းစာတိုက်အငွေ့အသက်၊ ရနံ့များကို ပြန်လည်ခံစားနေရသည်။ တစ်ချိန်က ရင်းနှီးစွာ ဝင်ထွက်သွားလာခဲ့ရသော ဟံသာဝတီသတင်းစာအဆောက်အအုံကြီးက ကျွန်တော့်အား သိဖူး၊ မြင်ဖူးသော လူငယ်ကာတွန်းဆရာလေးတစ်ယောက်အား မမှတ်မိတော့သလို တစိမ်းပြင်ပြင်ဖြစ်နေလေသည်။

မည်သို့ပင်ဖြစ်စေ ထိုနေ့သည် ၁၀ နှစ်ကြာပြီးမှ ကာတွန်းပြန်ဆွဲရသည့်အတွက် ယခင်ကာတွန်းဆွဲခဲ့သည့် ကာလအတိုင်း ရင်ခုန်ကြည်နူးနေမိသည်မှာ အမှန်ပင်ဖြစ်သည်။

(၈-၁၀-၁၉၉၄)ရက်က ရေးဆွဲပေးပို့ခဲ့သော ကျွန်တော်၏ ကာတွန်းမှာ (၁၀-၁၀-၁၉၉၄) ရက်ထုတ် ရတနာပုံသတင်းစာတွင် ဖော်ပြပါရှိခဲ့သည့်အတွက် ဝမ်းသာပျော်ရွှင်ရသည်မှာ ပြောမပြလောက်အောင်ပင်။ အကြောင်းအရာမှာ မြို့သစ်အနိမ့်ပိုင်းကွက်သစ်တစ်ခုတွင် မြေနေရာဝယ်ခဲ့ပြီး မိုးကြီးသည်းထန်စွာရွာသွန်းခြင်းနှင့် ကြုံတွေ့ရသည့် ထိုအဖြစ်အပျက်အား ကားဖြင့် ဆက်သွားလို့မရသည်ကို ရယ်ရွှင်ဖွယ်ဖြစ်အောင် ရေးဆွဲခဲ့သော ကာတွန်း ဖြစ်သည်။

ဇနီးဖြစ်သူက ယောကျ်ားဖြစ်သူကို 'ဒီနေရာ ဝယ်မယ် ဆိုရင် လှေ ကလေးတစ်စင်းပါ ဝယ်ပါလို့ ရှင့်ကို ကျွန်မပြောသားပဲ'ဟု ကားနောက်ခန်းမှနေ၍ လှမ်းပြောနေသည့်ပုံ ရေးဆွဲထားသည့် ကာတွန်းဖြစ်သည်။

နောက် ၁၀ ရက်ခန့်အကြာတွင် နောက်ထပ်ကာတွန်းတစ်ပုံ သတင်းစာထဲ ပုံနှိပ်ဖော်ပြခံရပါသည်။ ယင်းကာတွန်းမှာ ပလိပ်ရောဂါကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုကို အခြေတည်ပြီး ကျန်းမာသန့်ရှင်းဖို့၊ လူတိုင်းပူးပေါင်းပါဝင် ဆောင်ရွက်ကြစေဖို့နှင့် အမှိုက်သိမ်းဆည်းသူများကလည်း ပုံမှန်အချိန်လာရောက် သိမ်းဆည်းပေးကြဖို့ တိုက်တွန်းနှိုးဆော်သည့် ကာတွန်းပုံဖြစ်သည်။

ကာတွန်းပုံမှာ ပလိပ်ရောဂါကြွက်ပုံ ပိုစတာဆိုင်းဘုတ်တွင် 'အမှိုက်မရှိ၊ ကြွက်မရှိ၊ ကြွက်ရှင်းတော့ ရောဂါကင်း'ဟူသော ဆောင်ပုဒ် စိုက်ထူထားသည့် ကာတွန်းဖြစ်ပြီး ဆိုင်းဘုတ်စိုက်ထူသည့် အလုပ်သမားက သူ့ဆရာသမားကို 'ကဲ … ပလိပ်ရောဂါကာကွယ်ရေး ဆောင်ပုဒ်တော့ လုပ်ပြီးပြီ။ အမှိုက်မရှိအောင်လုပ်ဖို့ အမှိုက်သိမ်းကား ပုံမှန်လာပါစေလို့ ဆုတောင်းရမှာပဲ'ဟု လှမ်းပြောနေသော ပုံဖြစ်သည်။

ရတနာပုံသတင်းစာထဲ ကာတွန်းများ ဖော်ပြပါရှိလာသည့်အတွက် ကဗျာရေးဖွဲ့ခြင်း အရေးကျဲသွားသည်ကို သတိထားမိကာ ကဗျာပြန်ရေးဖို့ စာကြည့်စားပွဲတွင် ထိုင်ပြီး ကဗျာဉာဏ်၊ ကဗျာဈာန်ရဖို့ ကဗျာစာအုပ်အချို့ကို ပြန်ဖတ်ရတော့သည်။






ယင်းသို့ ကဗျာရေးဖို့ ကဗျာဓာတ်ခန်းသွားသည့်အခါ ကျွန်တော်မကြာခဏ ပြန်၍ ဖတ်ဖြစ်သည့် ကဗျာစာအုပ်လေးအုပ်ရှိသည်။ ကျွန်တော်တို့ ရှေ့ကပြေးနေသော ခေတ်ပေါ်ကဗျာစာအုပ်များဟု ဆိုရပေမည်။ ကဗျာစာအုပ် လေးအုပ်တွင် တစ်အုပ်မှာ ကဗျာရှည်ဖြစ်ပြီး အောင်ချိမ့်၏ 'ဂန္ထဝင်မမ' ကဗျာစာအုပ်ဖြစ်သည်။ တစ်အုပ်မှာ ကဗျာ ၂၂ ပုဒ်သာပါသည့် 'ဇွန်လ၏ မိုးရေများ' သုခမိန်လှိုင်(သိဒ္ဓတ္ထလှိုင်) စာအုပ် ဖြစ်သည်။

နောက်နှစ်အုပ်မှာ ကဗျာဆရာသုံးယောက် စုပေါင်းရေးဖွဲ့ထားသည့် 'သစ်ရွက် အသေများပေါ်က ရက်စက်သောဂီတ' (အောင်ချိမ့်၊ ဖော်ဝေး၊ မောင်ချောနွယ်) စာအုပ်နှင့် မောင်စစ်ငြိမ်း၏ 'ရေညှိတက် လှေကားပေါ်မှ ချော်ကျလာသော ကဗျာများ' စာအုပ်ဖြစ်သည်။

ကာတွန်းများ ပြန်လည် ရေးဆွဲမိသည့်အတွက် ကဗျာဉာဏ်၊ ကဗျာလိပ်ပြာနိုးရန် မနည်းကြိုးစားယူရသည်။ ကဗျာရေးဖွဲ့နိုင်ဖို့ အားယူဖတ်ရှုပြီး ခံစားခဲ့ရသည့် ကဗျာ အချို့မှာ အလွတ်ပင်ရနေတော့သည်။ ယင်းကဗျာများကိုလည်း အသံထွက်ပြီး တစ်ယောက်တည်း အော်ရွတ်နေမိသည်မှာ ကျွန်တော့်အဖို့ ရှူးကြောင်ကြောင်နိုင်လှသည်ဟု ဆိုရပေမည်။

**၃၁ ဘုံထဲက ခုံကလေး**

* **ဂိုဂင်ရဲ့အနီ**
**ပီကာဆိုရဲ့အပြာ**
**မာယာကော့စကီးရဲ့ ကဗျာ**
**ဒါလီရဲ့ နာရီများ**
**ဗီသိုဗင်ရဲ့ အီရိုအီကာ**
**ထိုအရာ အားလုံး**
**မင်းရဲ့ အပြုံးထဲမှာရှိတယ် ။**

* **ကျယ်ပြန့်တဲ့ စကြဝဠာမှာ**
**ထိုင်စရာ ဘာမှမရှိနဲ့ဦး**
**မင်းရဲ့ အပြုံး**
**မင်းရဲ့ မျက်ဝန်းသာ**
**ငါ့မြင်နေရမယ်ဆိုရင်လေ**
**အရက်စက်ဆုံး**
**နေ့ရက်များပင် မကြွေချင် ။ ။**

**မောင်စစ်ငြိမ်း**
**(ရေညှိတက်လှေကားပေါ်မှ**
**ချော်ကျလာသော ကဗျာများစာအုပ်)**

**မာရီလင်မွန်ရိုးကို တမ်းချင်း**

* **ဆင်းရဲခြင်းက ဒုက္ခတဲ့**
**နီလာရောင် ရေချိုးခန်း**
**'ပဲရစ်'ရေမွှေးဖျန်းထားသော ပန်းခြံ**
**မရမ်းရောင်ရှန်ပိန်**
**ရေခဲစိမ် 'မာတနီ'**
**ငွေခြည်ရောင် ရေခဲသေတ္တာတို့ကြားမှာ**
**အဆိပ်သောက် သေဆုံးသွားသော**
**ဟောလိဝုဒ်၏ ကြယ်ပွင့်အပြာ**
**အို… မာရီလင်မွန်ရိုး**
**'ချမ်းသာခြင်းမှာ**
**ဘာဒုက္ခများတွေ့ခဲ့သလဲ' ။ ။**

**သုခမိန်လှိုင်**
**(ဇွန်လ၏ မိုးရေများစာအုပ်)**

အောင်ချိမ့်၊ဖော်ဝေး၊ မောင်ချောနွယ်၊ သစ္စာနီတို့၏ ကဗျာများကို ဖတ်ပြီး သူတို့ရေးဟန်များကို တုပကာ ကဗျာတစ်ပုဒ် စမ်းသပ်ရေးဖွဲ့ ဖြစ်သည်။ ၁၉၉၄၊ အောက်တိုဘာလထဲတွင်ဖြစ်ပြီး ထိုစဉ်က ကဗျာရေးဖို့ အားယူရသောကာလ ဖြစ်သည်။ ကာတွန်းများပြန်ဆွဲဖြစ်သောကြောင့်လည်း ဖြစ်နိုင်သည်။



## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင် ပြသ

**ကျောက်တလုံးကြီး မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့၌ ကျောင်းသား လူငယ်များနှင့် ပြည်သူများ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကြောင်းအရာများကို ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ကို မတ် ၂၁ ရက် နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ပြသသည်။

အဆိုပါ အသိပညာပေး နံရံကပ်စာစောင်ကို နွေရာသီကျောင်းပိတ်ရက်အတွင်း ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ကြသည့် ကျောင်းသား၊ ကျောင်းသူများ လေ့လာဖတ်ရှုကြပြီး နံရံကပ်စာစောင်တွင် ကလေးအလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက်၊ ကလေးအလုပ်သမားဟု သတ်မှတ်နိုင်သည့် အသက်အရွယ်၊ ကလေးသူငယ်အခွင့်အရေးများ စသည်တို့ကို ထည့်သွင်းပြသထားကြောင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် အထိမ်းအမှတ်နေ့များ၊ အသိပညာပေးအကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ ပိုမိုသိရှိစေရေး အသိပညာပေး လုပ်ငန်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## MFF နွေရာသီဘောလုံးနှင့် ပူဆယ်သင်တန်းများ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)တွင် ဖွင့်လှစ်သင်ကြား

**မန္တလေး မတ် ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှစီစဉ်သည့် MFF Summer Football Skills Course နွေရာသီ အခြေခံဘောလုံးနှင့် ဖူဆယ် အခမဲ့သင်တန်းများ ဖွင့်ပွဲကို မတ် ၁၉ ရက်က ချမ်းမြသာစည်မြို့နယ်၊ ၇၃ လမ်းရှိ မြန်မာ ဘောလုံးအကယ်ဒမီ(မန္တလေး)တွင် ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ MFF မှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားပြီး ပံ့ပိုးကူညီခဲ့သော AYE Pay,M21, Good Morning မှ တာဝန်ရှိသူများအား အမှတ်တရ လက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။ ထို့နောက် သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ MFF Summer Football Skills Course သင်တန်းများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်မြို့များရှိ ဘောလုံးအကယ်ဒမီများတွင် ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၁၄၀၀ ကျော် တက်ရောက်လျက်ရှိကြောင်း သိရသည်။




(ခဲပုံ)

(၀၄၅)

## နွေရာသီအားကစားသင်တန်း တက်ရောက်နေသော လူငယ်မောင်မယ်များအား အချိုရည်ဘူးများ ပေးအပ်

**မန္တလေး မတ် ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် လူငယ်လူရွယ်များ နွေရာသီအားလပ်ရက်ကာလများတွင် အချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်၊ စာရိတ္တနှင့် စိတ်ဓာတ်ကြံ့ခိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်၊ အားကစားနည်းအလိုက်နည်းစနစ်များနှင့် ဥပဒေများ ကျွမ်းကျင်လိုက်နာမှုရှိစေရန် ရည်ရွယ်၍ နွေရာသီအားကစားသင်တန်းကို မြို့နယ်အားကစားကွင်း၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယမန်နေ့ ညနေပိုင်းက မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့မှ သင်တန်းတက်ရောက်နေသော လူငယ်မောင်မယ်များအတွက် အချိုရည်ဘူးများ ပေးအပ်လှူဒါန်းခဲ့သည်။

မဟာအောင်မြေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်းက နွေရာသီအားကစား သင်တန်းတက်ရောက်နေသော လူငယ်မောင်မယ်များအတွက် အချိုရည်ဘူးများ ပေးအပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့မှ တာဝန်ရှိသူများက အချိုရည်ဘူးများကို ပေးအပ်လှူဒါန်းရာ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများမှ လက်ခံရယူခဲ့သည်။



အဆိုပါ နွေရာသီအားကစားသင်တန်းတွင် ဘောလုံး၊လက်ဝှေ့(Boxing)၊ ရိုးရာလက်ဝှေ့၊ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒိုနှင့် ကရာတေး စသည့် အားကစားနည်း ခုနစ်မျိုးကို သင်ကြားပေးလျက်ရှိရာ သင်တန်းသား၊သင်တန်းသူ ၃၅၆ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းကာလမှာ မတ် ၃ ရက်မှ ၃၁ ရက်အထိဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**(အောက်ခဲပုံ)**

(၀၅၆)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## နွေဦးအကြို ရေကူသိုလ်

* ရေချမ်းစင်ဆောက် ၊ သစ်ရိပ်အောက်၌
ကွန်ထောက်ခိုနား ၊ ရှင်လူများတို့
ရေများသောက်စေ ၊ မောပန်းဖြေလျက်
နားနေရိပ်သာ ၊ များသူငါ ။

* ဘူတာ ၊ ကားဂိတ် ၊ သင်္ဘောဆိပ်၌
ချွေးသိပ်ခိုနား ၊ ခရီးသွားတို့
ရေများသောက်လို ၊ ရေကုသိုလ်ရှင့်
အိုးကိုခေါင်းထက် ၊ ရွက်ထား၏ ။

* ကုသိုလ်လည်းရ ၊ ဝမ်းလည်းဝ၍
လှူရအကျိုး ၊ လယ်ဆယ်ချိုးရည်
မျှော်ကိုးနောင်ခါ ၊ သံသရာတွက်
စိတ်မှာရည်မှန်း ၊ နိဗ္ဗာန်လမ်း ။

* မြတ်နိုးဖွယ်ရာ ၊ ရေးစဉ်လာမို့
ကမ္ဘာတည်ရွေ့ ၊ ဤဓလေ့အား
မမေ့ဘယ်ခါ ၊ ထိန်းသိမ်းပါမှ
သာစုခေါ်လူ ၊ ခေါ်ကြ၏ ။

* ယနေ့ချိန်တွင်
ရေချမ်းစင်များ ၊ မမြင်တွေ့ရ
ပျောက်ကွယ်ကြလု ၊ အများကောင်းမှု
ကုသိုလ်ပြု၍ ၊ ပေါင်းစုတည်ကာ
မြို့ပြည်ရွာနံ့ ၊ ရိုးရာအမွေ
ထိန်းသိမ်းစေလို
ကောင်းမွေဆန္ဒ ၊ ပြုပါ၏ ။ ။

**ဇော်မြင့်မိုရ်(မီးရထား)**



# သုခမ္မာဇရပ်ရိပ်က အတိတ်မြင်အလွမ်း

"ဥဩ … ဥဩ … ဥဩ …"တဲ့ တပေါင်းသာခေါင် လများနောင်၏။ တေးသံသာကို ကြားလိုက်ရ၏။ ရွက်ဟောင်းတို့သည် ကြွေကုန်ကြပြီ ဖြစ်၏။ ရွက်သစ်တို့လည်း ဝေလာကြပြီဖြစ်၏။ ငယ်ရုပ်အလှတို့လည်း ဆင်ကုန်ကြပြီဖြစ်၏။ ထို့အတူပင် သုခမ္မာဇရပ်ရိပ်က အဘိုးတို့၏ အတိတ်မြင် အလွမ်းတို့ကလည်း သည်းသည်းမည်းမည်း ဖွဲ့ကုန်ကြပြီဖြစ်၏။ ထိုနေ့သည်ကား တပေါင်းလပြည့် ဥပုသ်နေ့ ဖြစ်၏။

"မန္တလေးမဖြစ်ခင်က ထီးပေါင်းကားအရပ် အကြောင်းကို ပြန့်ပြီး ပြောချင်သေးတယ် ကိုကြီးချမ်းအေးရာ"။ "ဘယ်လို ပြောချင်လို့လဲ ကိုကြီးစိန်ခိုရဲ့"။ "ဒီလိုပါ ကိုကြီးချမ်းအေးရာ … ဟောဒီ ထီးပေါင်းကားဆိုတဲ့ မြေအကျယ်အဝန်းကို ကြည့်လိုက်မယ်ဆိုရင် မြောက်ဘက်အရပ်မှာ အရှေ့ကနေ အနောက်ဧရာဝတီမြစ်ဆီ စီးဆင်းနေတဲ့ ချောင်းမကြီးလို့ခေါ်တဲ့ မတ္တရာမြစ်ကို တွေ့ရမယ်ဗျာ၊ အရှေ့ဘက် အရပ်ကို ကြည့်လိုက်ရင်တော့ ရင်သပ်ရှုမောကြည့်လို့ မဝနိုင်တဲ့ ရှမ်းရိုးမတောင်တန်းကြီးကို တွေ့ရမယ်လေ။ တောင်ဘက်အရပ်ကို မျှော်ကြည့်လိုက်တော့လည်း မြစ်ငယ်မြစ်လို့ ပြောကြတဲ့ အရှေ့ကနေ အနောက်ဧရာဝတီမြစ်ထဲကို စီးဝင်နေတဲ့ ဒုဋ္ဌဝတီ ရေကြည်ကြည်မြစ်ကို တွေ့ရမယ်လေဗျာ၊ အနောက်ဘက်အရပ်ကို ကြည့်ရင်တော့ မြန်မာတစ်နိုင်ငံလုံးရဲ့ အသက်သွေးကြောဖြစ်တဲ့ ဧရာဝတီမြစ်ကို တွေ့ရမယ်လေ။ အဲဒီလို မြစ်သုံးတန် ကာဆီးလို့ ရှမ်းတောင်တန်းကြီးနဲ့ တင့်တယ်လှပလှတဲ့ ထီးပေါင်းကားအရပ်ဟာ နယ်နယ်ရရဒေသမ မဟုတ်ဘဲကိုဗျ။"

"ကိုကြီးချမ်းအေး ပြောမှပဲ ထီးပေါင်းကားအရပ်ကို အိပ်မက်ကြည့်ရမလိုဖြစ်နေပြီဗျ။"

"ဘယ်လိုလဲ ကိုကြီးကြွက်ချီးရဲ့"

"ဒီလိုလေ ကိုရင် အယ်ဘောရဲ့။ အခု မန္တလေးရဲ့ အနောက်ဘက် နယ်နိမိတ်မှာ ဧရာဝတီမြစ်ရေတွေ ဝင်မလာအောင် တာပေါင်တာရိုးကြီးတွေ ကာထားတယ် မဟုတ်လား။ အဲဒီလို အဲဒီလိုပဲပေါ့။ ထီးပေါင်းကားဒေသရဲ့ လေးဘက်လေးတန်မှာ မြင့်မားတဲ့ တာရိုးတာပေါင်ကြီးတွေ လုပ်ထားလိုက်ရင် မကောင်းဘူးလား။ ကိုကြီးအယ်ဘောရာ စက်ယန္တရားတွေ ထွန်းကားတဲ့ခေတ်မှာ နေ့ချင်းညချင်း ဖြစ်နိုင်တယ်ပေါ့"။

"ကိုကြီးကြွက်ချီးရဲ့ အိပ်မက်ကည်း တကယ်ကောင်းဗျာ"

"ဘယ်ကိုလဲ ကိုကြီးခိုပုံရဲ့ ဆိုစမ်းပါဦးလေ"

"ဒီလိုပါ ကိုကြီးတုတ်ပေါ်ရဲ့။ ချောင်းမကြီးခေါ်တဲ့ မတ္တရာမြစ်၊ ဧရာဝတီမြစ် ၊ မြစ်ငယ်မြစ်ခေါ်တဲ့ ဒုဋ္ဌဝတီမြစ် သုံးမြစ်ကို မေးတင်ပြီး အမြင့်ပေ ၁၀၀၊ မျက်နှာပြင် ပေ ၁၀၀ လောက် ကျယ်တဲ့ တာပေါင် တာရိုးတံတိုင်းကြီးတွေလုပ်ပြီး အရှေ့ဘက်က ရှမ်းရိုးမ တောင်တန်းကြီးနဲ့အပြိုင် တာပေါင်တာရိုးတံတိုင်းကြီးတွေ လုပ်ထားမယ်ဆိုရင် ထီးပေါင်းကားဟာ ကမ္ဘာကျော်ဒေသကြီးတစ်ခုဖြစ်သွားမှာပေါ့ဗျာ။"

"ဟုတ်တယ် ကိုရင်ဖိုးမှိုင်းရဲ့ ပန်းပဲမင်းကြီး ဦးမှို ဦးဆောင်ပြီး လူတွေရဲ့ လုပ်အားနဲ့ လုပ်ခဲ့တဲ့ မန္တလေးနန်းတော်ကြီးဟာ ဘယ်လောက် အံ့သြစရာကောင်းသလဲဗျာ။ စောစောက ကိုကြီးခိုပုံတို့ ပြောသလိုသာ လေးဘက်လေးတန် တာပေါင်တာရိုး အုတ်တံတိုင်းကြီးတွေ လုပ်လိုက်မယ်ဆိုရင် ထီးပေါင်းကားဘဝမှ မန္တလေး ဘဝပြောင်းလာတဲ့ ဒီဒေသကို လူတွေဟာ အလျှိုအလျှို ရောက်လာကြလို့ ကမ္ဘာပေါ်မှာ ထိပ်ဆုံးက ဒေသတစ်ခု ဖြစ်သွားမှာပေါ့ဗျာ။"

"ဒါကလည်း အကြောင်းမဲ့ အိပ်မက်မက်တာ မဟုတ်ပါဘူးဗျာ။ ကိုကြီးစိန်မြပဲ စဉ်းစားကြည့်လိုက်စမ်းပါ။ ဒီ ထီးပေါင်းကား ဒေသဟာ ဘာသာရေး၊ လူမှုရေး ကောင်းမွန်လှတဲ့ ပတိရူပဒေသ အရပ်ပဲ မဟုတ်လားဗျာ။"

"ဒီမှာ ကိုကြီးချမ်းအေးရဲ့ ဟောဒီ ထီးပေါင်းကား အရပ်ကို သုံးပိုင်း ပိုင်းကြည့်လိုက်မယ်။ ဘာသာရေးအခြေခံ ကောင်း၊ မကောင်း သိရမှာပေါ့ဗျာ။ ဘာသာရေးအခြေခံကောင်းရင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး အားလုံးကောင်းသွားတာပဲဗျ။"

"ဘယ်လို သုံးပိုင်း ပိုင်းမလဲ ကိုကြီးကြွက်ချီးရဲ့ … ။"

" ဒီလိုလေ ကိုကြီးရာခိုရဲ့ တောင်ဘက်အစွန်း ဒုဋ္ဌဝတီမြစ်က နေပြီး မြောက်ဘက်အရပ် မဟာမုနိဘုရားကြီးတိုင်အောင် အရှေ့အနောက် တစ်ပိုင်းပေါ့။ မဟာမုနိဘုရားကြီးကနေ မြောက်အရပ် နန်းတော်ကြီးအထိ အရှေ့အနောက် တစ်ပိုင်းပေါ့ဗျာ။ အဲဒီ နန်းတော်ကြီးကနေ မြောက်ဘက်အစွန်း ချောင်းမကြီး(ခေါ်)မတ္တရာမြစ်အထိ အရှေ့အနောက် တစ်ပိုင်းပေါ့ဗျာ။"

"မျက်စိထဲမြင်ပြီ ကိုကြီးတို့ရာ တောင်ဘက်ပိုင်းရဲ့ ဘာသာရေး အခြေခံကောင်းတွေကိုတော့ ကိုကြီးဖိုးမှိုင်းက ပြောပါလိမ့်မယ်လေ"

"ဖြစ်ပါတယ် ကိုကြီးတုတ်ပေါ်ရာ။ အဲဒီတောင်ဘက်အပိုင်းမှာ ရှိတဲ့ ဘာသာရေးလို့ ပြောရမယ့် အခြေခံကောင်း ဘုရားစေတီတွေကတော့ အများသားပဲဗျာ။ ဒီတောင်ဘက်ပိုင်းမှာ အထူးခြားဆုံး လူသားနှစ်ဦး ရှိခဲ့ဖူးတယ်လို့လည်း ပြောချင်သေးတယ်။ တစ်ဦးက တံတားပိုင်၊ တစ်ဦးက ဘုရားပိုင်လို့ ပြောရမယ်လေ။"

"နေပါဦး ကိုကြီးဖိုးမှိုင်းရဲ့ တစ်ဦးက တံတားပိုင်၊ တစ်ဦးက ဘုရားပိုင်ဆိုတာ မရှင်းသေးလို့ လင်းစမ်းပါဦးဗျာ။"

"ဒီလိုလေ ကိုကြီးကြာခိုင်ရဲ့ တစ်ဦးက တံတားပိုင်ဆိုတာ တောင်သမန်အင်းကြီးကို ဖြက်ပြီး တံတားရှည်ကြီးဆောက်ခဲ့တဲ့ ဦးပိန်ကို ပြောတာဗျ။ ဒီတံတားရှည်ကြီးမှာ တိုင်ပေါင်းက ၁၀၈၆ တိုင်ရှိတယ်။ အခန်းပေါင်း ၄၈၂၊ တံတားအရှည် ၃၉၆၇ ပေရှိတယ်။ မောင်ပိန်ဟာ မြို့ဝန်စာရေးလေးတစ်ဦး ဖြစ်တယ်။ မောင်ပိန်ဟာ အမရပူရနဲ့ တောင်သမန်ရွာကြားရှိ ရေပြင်ကြီးကိုကြည့်ပြီး ခက်ခက်ခဲခဲ ကူးသန်းသွားလာနေကြတဲ့ ခုနစ်ရက်သားသမီးတွေကိုကြည့်ပြီး မေတ္တာစိတ်တွေ တဖွားဖွား ပေါ်လာနေတယ်။ ဒါကြောင့် ဒီရေပြင်ကြီးကို ဖြတ်ပြီး ကျွန်းသားတံတားကြီးတစ်ခု တည်ဆောက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။"

"နေပါဦး ကိုကြီးတုတ်ပေါ်ရဲ့။ စာရေးလေးတစ်ဦးက ကျွန်းသားတံတားကြီးတည်ဆောက်ဖို့ ခနငွေကြေး ဘယ်ကရသလဲဗျာ။"

"ဒီလိုပါ ကိုကြီးရွှေရရယ် အမရပူရမြို့ဝန် ဘိုင်ဆပ်နဲ့ စာရေးမောင်ပိန်တို့ဟာ ဘုန်းတော်ကြီးကျောင်း ဆောက်ချင်လို့ ကျွန်းပင်များ ခုတ်လှဲခွင့်ပြုပါလို့ ပုဂံမင်းထံ လျှောက်တင်ကြတယ်။ ပုဂံမင်းက ခွင့်ပြုခဲ့တယ်။ အဲဒီ ကျောင်းဆောက်မယ့် ကျွန်းသစ်တွေထဲက ကိုင်းဖြတ်၊ အဖျားဖြတ် ကျွန်းသားတွေနဲ့ ဟောဒီ တောင်သမန် တံတားကြီးကို ဆောက်ခဲ့တယ်လို့ ပြောစမှတ်ပြုခဲ့ကြတယ်။ ၁၂၁၀ ခုနှစ်မှာ စတင်ဆောက်လုပ်ပြီး ၁၂၁၃ခုနှစ်မှာ ပြီးစီးတယ်လို့လည်း ဆိုစမှတ်ပြုခဲ့ကြတယ်လေ။ ဘာပဲပြောပြော စာရေးလေး မောင်ပိန်ဟာ လူသားအကျိုးပြု ထူးခြားသော ပါရမီရှင်တစ်ဦးလို့ ဆိုရမှာပဲပေါ့။"

"ကိုင်း တံတားပိုင် အကြောင်းတော့ သိရပြီ။ ဘုရားပိုင် အကြောင်းလည်း ဆိုစမ်းပါဦး ကိုကြီးဖိုးသိုင်းရာ။"

"ဘုရားပိုင်အကြောင်းလား? ။ ထီးပေါင်းကားဒေသတောင်ပိုင်းရဲ့ အရှေ့တောင်ထောင့်အစွန်း ဒုဋ္ဌဝတီမြစ်ရဲ့ မြောက်ဘက်ကမ်းနဖူးမှာ ရွှေစာရံဆိုတဲ့ ဘုရားတစ်ဆူရှိတယ်။"

"အဲဒီ ဘုရားစေတီရဲ့ မူလအမြင့်က ၅ တောင်ပဲ ရှိတယ်။ အနော်ရထာမင်းကြီးရဲ့မိဖုရား မိုင်းမော်ဝ် ကိုးပြည်ထောင်စော်ဘွားစဝ်လုံဟုမ်မိန်းရဲ့ သမီး ခွန်ကော်လန်ရဲ့နှမ ရှမ်းမင်းသမီး စောမွန်လှ တည်ထားခဲ့တဲ့ စေတီပါ။ အခုဆိုရင် နှစ်ပေါင်းတစ်ထောင်နီးပါး ရှိပြီပေါ့။ ဒီစေတီဟာ နှစ်ပေါင်းတစ်ထောင်နီးပါးရှိတဲ့အခါကျမှ ဘုရားအကြီး ရှမ်းမင်းသမီး စောမွန်လှကို နတ်ဖြစ်နေလေလေဟန်၊ သိုက်နန်းရှင်ကြီး ဖြစ်နေလေလေဟန် ပြောဆိုရင်ဆောင်နေကြပြီး ပိုက်ဆံရှာနေကြတာကတော့ မကောင်းဘူးထင်တယ်။ သာသနာတော်ကို သက်ဝင်ယုံကြည်တဲ့ ဘုရားအမစစ်စစ်တစ်ဦးက နတ်ဖြစ်တာ၊ သိုက်နန်းရှင်ဖြစ်တာဆိုတာတွေဟာ ဗုဒ္ဓဘာသာကို အထင်မှား၊ အမြင်မှားဖြစ်အောင် ဇော်ကားနေကြတာတွေပဲ မဟုတ်လား။ ဒီလိုသရုပ်ဆောင် စီးပွားရှာနေကြတဲ့ ဝိသမသမားတွေ ပျောက်ကွယ်သွားအောင် တာဝန်ရှိပုဂ္ဂိုလ်တွေက ဆောင်ရွက်ကြရမှာပေါ့။ ဒီလိုမှ မဆောင်ရွက်ကြဘူးဆိုရင် ပေါင်းစား၊ ဖျူးစား၊ နှပ်စားတဲ့ ဂိုဏ်းသားတွေလို့ အပြောခံရမယ်ထင်တယ်။"

"ရွှေစာရံအကြောင်း ရပ်ထားပြီး တခြားဘာသာရေး အခြေခံတွေကိုလည်း ပြောစမ်းပါဦး ကိုကြီးချမ်းအေးရာ။"

"အင်း … ဆက်ရမယ်ဆိုရင် ဧရာဝတီမြစ်ကမ်းနဖူးမှာရှိတဲ့ ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားနှစ်ဆူအကြောင်း ပြောရမှာပဲ။ သာသနာနှစ် ၂၁၈ ခုနှစ်က သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့တဲ့ စေတီနှစ်ဆူပဲပေါ့။ ကြက်မင်းမောင်နှမကို အကြောင်းပြုပြီး တည်ထားခဲ့တဲ့ စေတီမို့ ထူးခြားတဲ့စေတီ နှစ်ဆူလို့လည်း ပြောစမှတ်ပြုကြတယ်။"

"ကိုင်း … ဒီနေ့တော့ ဒီလောက်နဲ့ပဲ နိဂုံးချုပ်ကြရအောင်။ လာမယ့် သီတင်းနေ့ကျမှ ဆက်ကြမယ်လေ။"

အဘိုး စိန်ချုပ်၏ စကားဆုံးသည်နှင့် အဘိုးတို့သည် ငြိမ်သက်သွားကြ၏။ တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာ နှုတ်ဆက်ပြီးနောက် အိမ်ဂေဟာသို့ အရောက်ပြန်ခဲ့ကြတော့၏။

**မောင်လောက**

## ၂၀၂၄–၂၀၂၅ ခုနှစ်တွင် ကုလားပဲ ၁၀၀၉၈ ဧကနှင့် ပဲစင်းငုံ ၁၄၈၁ ဧက စိုက်ပျိုးနိုင်ခဲ့

**ကျောက်ဆည် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ဒေသအတွင်း ပဲမျိုးစုံဖူလုံလုံရေး တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ကုလားပဲ ၁၀၀၉၈ ဧကနှင့် ပဲစင်းငုံ ၁၄၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ကုလားပဲသီးနှံနှင့် ပဲစင်းငုံသီးနှံများကို ဆောင်းရာသီတွင် အဓိကထားစိုက်ပျိုးကြောင်းနှင့် ကုလားပဲသီးနှံ ၁၀၀၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ ၁၈ ဒသမ ၅၀ တင်း၊ စုစုပေါင်း ၁၂၁၃၄၉ တင်းထွက်ရှိကြောင်းနှင့် ပဲစင်းငုံသီးနှံ ၁၄၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှ ၁၇ ဒသမ ၅၀ တင်း၊ စုစုပေါင်း ၂၅၉၅၃ တင်း ထွက်ရှိသည်။

ပဲသီးနှံမျိုးစုံစိုက်ပျိုးရာတွင် အောင်မြင်ရေး ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ၊ စိုက်နည်းစနစ်များ၊ အပင်ပြုစုပျိုးထောင် ရိတ်သိမ်းခြင်းများ စနစ်တကျစိုက်ပျိုးနိုင်ရေး တောင်သူများအား အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ယာပုံ) (၄၈၅)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Karan Arjun 2 ဇာတ်ကားသစ်ထွက်ရှိလာ

ဘောလိဝုဒ် ဘုရင်ကြီးဟု တင်စားခံရသည့် ရှာရွတ်ခန်းနှင့် စလေမန် ခန်းတို့၏ Karan Arjun ဇာတ်ကားအပိုင်း(၂) ၂၀၂၅ခုနှစ် နိုဝင်ဘာလတွင် ထွက်ရှိလာမည်ဟု ဘောလိဝုဒ် အတ်ဒိတ်တွင် ဖော်ပြသည်။




အဆိုပါဇာတ်ကားသစ်မှာ ၁၉၉၅ခုနှစ်က ရိုက်ကူးထားသည့် ရုပ်ရှင်၏အဆက်ဖြစ်ပြီး ပရိသတ် အချစ်တော် အနုပညာရှင် ရှာရွတ် ခန်းနှင့် စလေမန်ခန်းတို့ အထူး ပါဝင်ထားသည်။

ရှာရွတ်ခန်းနှင့် စလေမန် ခန်းတို့အတွဲညီခဲ့သည့်ဇာတ်ကား ဖြစ်ပြီး ရုံတင်ဝင်ငွေမြောက်မြား စွာနှင့် အောင်မြင်မှုရရှိထားသည့် Karan Arjun ကို အက်ရှင်သစ်များ ထပ်မံပေါင်းစပ်၍ အပိုင်း(၂)ကိုရိုက်ကူးထားရာ ငယ်နုစဉ် မင်းသားနှစ်လက်အသက်ရလာမှ ပြန်လည်တွေ့ဆုံပါဝင်ထားခြင်း ဖြစ်သည်။

ဘောလိဝုဒ်ဘုရင်ကြီး ရှာရွတ်ခန်းနှင့် ဗလတောင့်တောင့် လူပျို ကြီး စလေမန်ခန်းတို့ကို ပရိသတ်များ စောင့်မျှော်နေကြသည်။

(SKY)



## ညဉ့်နက်ချိန်အထိ နေတတ်သူများ စိတ်ကျရောဂါ ပိုမိုဖြစ်ပွားနိုင်

ညဉ့်နက်ချိန်အထိ နေတတ်သူများသည် စိတ်ကျရောဂါဖြစ်ပွားနိုင်ခြေ ပိုများနိုင်ပြီး လေ့လာမှုအသစ်တစ်ခုအရ အိပ်စက်မှု အရည်အသွေး၊ အရက်သောက်သုံးမှုနှင့် သတိတရားတို့သည် ထိုအကြောင်းအရင်းကို ရှင်းပြရာတွင် အထောက်အကူဖြစ်စေနိုင်ကြောင်း ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ ဆာရေးတက္ကသိုလ်မှ ဆိုင်မွန်အယ်ဗန်းစ် ဦးဆောင်သော သုတေသနမှထွက်ပေါ်လာသည့် ရလဒ်ကို ၂၀၂၅ ခုနှစ်၊ မတ် ၁၉ ရက်နေ့ထုတ် ပွင့်လင်းအရင်းအမြစ်ဂျာနယ်တွင် ဖော်ပြထားသည်။

ညဉ့်နက်ချိန်အထိနေတတ်သူများ သို့မဟုတ် ညပိုင်းဇီဝနာရီပုံစံရှိသူများသည် မနက်ပိုင်းဇီဝနာရီပုံစံရှိသူများထက် စိတ်ကျရောဂါလက္ခဏာများ ပိုမိုရှိတတ်ကြောင်း ယခင်ကတည်းက သိရှိထားပြီးဖြစ်သည်။

ထိုအချက်ကို ပိုမိုနက်ရှိုင်းစွာ လေ့လာရန် အယ်ဗန်းစ်နှင့် ၎င်း၏အဖွဲ့က အွန်လိုင်းမေးခွန်းလွှာမှတစ်ဆင့် တက္ကသိုလ်ကျောင်းသား ၅၄၆ ဦးကို စစ်တမ်းကောက်ယူကာ ထပ်မံအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (SCI)

## Tom Holland ၏ Percy Fawcett မှာ ဖြစ်ရပ်မှန်ကို ရိုက်ကူးထား

နှစ်ဆယ်ရာစု အစောပိုင်း ၁၉၀၆ခုနှစ် ဗြိတိသျှစူးစမ်းရှာဖွေသူ ပါစီဖောဆက်၏ ဖြစ်ရပ်မှန်ကို အခြေခံ၍ Percy Fawcett ကို ရိုက်ကူးထားရာ နာမည်ကြီး သရုပ်ဆောင်များနှင့်အတူ တွမ် ဟော်လန်လည်း ပါဝင်ထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် နာမည်ကြီးသရုပ်ဆောင် ရောဘတ်ပါတင်ဆန်၊ ချာလီဟွန်နမ်တို့အပြင် တွမ်ဟော်လန်ပါဝင်၍ လူတစ်ဦး၏ ဖွဲ၊ လုံ့လနှင့် ရူးသွပ်မှု စွန့်စားခန်းများကို ဇာတ်ရှိန်အေးအေးနှင့် တင်ဆက်ထားသည်။

ဗြိတိသျှအရာရှိတစ်ဦးအပြင် ရှေးဟောင်းသုတေသန ပညာရှင်လည်းဖြစ်သော ပါစီဖောဆက်မှာ Royal Geograpical Society အဖွဲ့ဝင်ဖြစ်ခဲ့ပြီး တောင်အမေရိကတိုက် အမေဇုန်ဒေသသို့ စေလွှတ်ခြင်းခံခဲ့ရရာမှ နယ်မြေတိုင်းတာစစ်တမ်းကောက်ရင်း တောကြီးမျက်မည်းထဲမှ လူ့အသုံးအဆောင်ပစ္စည်းများ တွေ့ရှိခဲ့သည်။




ပျောက်ဆုံးပျောက်ကွယ်နေသော(Zသူအမည်ပေးထား)သည့် ရှေးဟောင်းမြို့ကြီးကို (၁၉၀၆မှ ၁၉၂၄ခုနှစ်ထိ) ခုနစ်ကြိမ်ကြိုးစားခဲ့ပြီး ၁၉၂၅ခုနှစ်တွင် သားဖြစ်သူနှင့် သွားခဲ့ရာမှ ပျောက်ဆုံးသွားသောသားအဖနှစ်ဦး၏ ပဟေဠိဆန်သော ဖြစ်ရပ်မှန်ကို ရိုက်ကူးထားသည်။ (SKY)

## Park Sung Hoon ၏ Squid Game 2 ဇာတ်ရုပ်စိန်ခေါ်မှုအသစ်နှင့် ပရိသတ်စွဲမက်ခဲ့

အနုပညာရှင်ပတ်ဆောင်ဟွန်းသည် Squid Game 2 ဇာတ်ရုပ်တွင် စိန်ခေါ်မှုအသစ်နှင့်ချပြခဲ့ရာမှ ပရိသတ်စွဲမက်ခဲ့ကာ ဇာတ်ကားတစ်ခုလုံးသိမ်းပိုက်နိုင်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ပတ်ဆောင်ဟွန်းက လိင်ပြောင်းအမျိုးသမီးအဖြစ် ပါဝင်ထားရာ ဆံပင်စည်းနည်းမသိ၍ ရိုက်ကူးရေးမစမီ ဆံပင်စည်းကျင့်ခဲ့ရပြီး ပရိသတ်များက ဆံပင်စည်းဇာတ်ဝင်ခန်းများကို သဘောကျခဲ့ကြသည်။



ပရိသတ်များအားရခဲ့သည့် ပတ်ဆောင်ဟွန်းဇာတ်ရုပ်နှင့် ကယောင်ချောက်ချားဖြစ်နေသည့် နတ်ကတော်မကို ပါးချသည့်အခန်းဖြစ်သည်။ ဒါရိုက်တာက သုံးလေးကြိမ်မက ရိုက်ကူးပြီး တကယ်ချခိုင်းသဖြင့် ပါးချခဲ့ပြီးမှ ဒူးထောက်တောင်းပန်ခဲ့ရသည်။

စိန်ခေါ်မှုအသစ်နှင့်ပရိသတ်ရင်ထဲစွဲသွားအောင် ရိုက်ကူးနိုင်သည့် သူ၏အရည်အချင်းမှာ ချီးကျူးစရာဖြစ်ခဲ့သည်။ (SKY)

## Yoo Yeon Seok အမျိုးသမီးများကို နှိမ့်ချ၍ ဝေဖန်ခံရ

လက်ရှိအောင်မြင်မှုရရှိနေသော အနုပညာရှင်(When the Phone Rings) နှင့်ယူယွမ်ဆွတ်ကို အတိတ်အင်တာဗျူးများ ပြန်ဖော်၍ အမျိုးသမီးများကို နှိမ့်ချစွာပြောဆိုထားသဖြင့် ယုတ်ညံ့သူအဖြစ် ဝေဖန်ခံနေရကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ယူယွမ်ဆွတ်က ၂၀၁၆ခုနှစ် အင်တာဗျူးတစ်ခုတွင် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ ဖြေကြားထားမှုတွင် အမျိုးသမီးတစ်ဦးသူနှင့်တွေ့စဉ် မလုံ့တလုံဝတ်လာပါက အချက်ပြသည်ဟုထင်ကြောင်း လုံခြုံစွာဝတ်လာခြင်းသည် စိတ်မဝင်စားကြောင်းပြောထားရာမှ အမျိုးသမီးများအပေါ် သူ့သဘောထားကို ဝေဖန်ထားကြသည်။

အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဖြစ်ပြီး အမျိုးသားကိုဆွဲဆောင်ရန်၊ အချက်ပြရန် ဝတ်ဆင်သည်ဟုဆို၍ အဆင့်မရှိသူ၊ ယုတ်ညံ့သူအဖြစ် ဝေဖန်ခံနေရသည်။ (SKY)



## Woo Kyungjun က အကဗီဒီယိုနှင့် ပရိသတ်ကို ဆွဲဆောင်ထား

ကိုရီးယားအနုပညာလောကမှ ကျောင်းတွင်းအကြမ်းဖက်မှုနှင့်အနုပညာလောကမှ ဖယ်ရှားခံရသည့် ဝူကွမ်ဂျွန်က အကဗီဒီယိုနှင့်ပရိသတ်ကို ဆွဲဆောင်ထားကြောင်း ကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာဘဝကို စွန့်လွှတ်ပြီး သာမန်ဘဝကို ရွေးချယ်ရာတွင် အဖွဲ့မှနုတ်ထွက်ခဲ့ပြီးနောက် ဝေဖန်တိုက်ခိုက်သူများကို နားလည်မှုအပြည့်နှင့် ခွင့်လွှတ်ပေးကာ သီချင်းရေးမတော်၊ အဆိုလည်း မတော်၍ အကဗီဒီယိုနှင့် ဆက်လက်လှုပ်ရှားမည်ဟု ရယ်မောပြောကြားခဲ့သည့် အကခွေများလည်း တောင်းဆိုနိုင်ပါသည်ဟု ရေးသားထားကာ ပရိသတ်နှင့် ပြန်လည်နီးစပ်ရန်ဆွဲဆောင်ထားသည်။

(SKY)

## Zebra အိန္ဒိယတောင်ပိုင်းဇာတ်ကား ဘဏ်မှုခင်းစုံထောက်ဇာတ်ကားဖြစ်

အိန္ဒိယတောင်ပိုင်း တေလဂူးစကားပြော Zebra မှာ ဘဏ်မှုခင်းစုံထောက်ဇာတ်ကားဖြစ်ပြီး ကြွယ်ဝချမ်းသာမှုများ၏ နောက်ကွယ်မှ အကြောင်းများကို ရိုက်ကူးတင်ပြထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဓိကသရုပ်ဆောင်အဖြစ် ဆာတ်ရာဒေ့ဗ်နှင့်ပရီယာဗာဗန်နီရှာကာတို့ အဓိကပါဝင်ထားကြကာ ထက်မြက်သော ဘဏ်ဝန်ထမ်းတစ်ဦးနှင့် အခြားဘဏ်တွင် အလုပ်လုပ်နေသော ချစ်သူက အမှားတစ်ခုကျူးလွန်မိ၍ ဖြေရှင်းရန်ကြိုးစားရာမှ အရှုပ်အထွေးလောကထဲ ဝင်ရောက်ခဲ့ရသည်။




ကြွယ်ဝမှုတိုင်း၏ နောက်ကွယ်တွင် ပြစ်မှုတစ်ခုရှိသည်ဆိုသည့်စကားနှင့်အညီ ဘဏ်နှင့်ပတ်သက်၍ အမှုအခင်းများ ပေါ်ပေါက်လာပုံကို တင်ဆက်ပြသထားသည်။

ပရိသတ်အားပေးမှု အသင့်အတင့်သာ ရရှိထားသော်လည်း ဘဏ်နှင့်ပတ်သက်သည့် မှုခင်းစုံထောက်ဇာတ်ကားဖြစ်၍ အမြင်ဆန်းသစ်စွာ ရိုက်ကူးထားသည်ကို တွေ့ရသည်။ (SKY)

❖ ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစု ဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့် လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင် ...

❖ ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့် အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံသြဝါဒစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တရားမဝင် ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်စေရန်ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် မတ် ၂၂

တရားမဝင် ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအမှုတွဲများ အမြန်ဆုံးပြီးပြတ်စေရန်ကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။(အပေါ်ယာပုံ)

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာ သီတာဦး၊ ဦးထွန်းအုံ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ တရားရုံးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းများ၊ သစ်တောဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်များက ဘဏ္ဍာသိမ်းယာဉ်များကို အဓိကသိမ်းဆည်း ရရှိပါကြောင်း၊ သိမ်းဆည်းရရှိသည့် ဘဏ္ဍာသိမ်းယာဉ်၊ ယန္တရား၊ မော်တော်ဆိုင်ကယ်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံစေလျက်ရှိပါကြောင်း။

"လိုင်စင်မဲ့(ပိုင်ရှင်မဲ့) ယာဉ်များကို နိုင်ငံပိုင်(ပြည်သူ့ဘဏ္ဍာ) အဖြစ် သိမ်းဆည်းမိန့် ချမှတ်ရာ၌ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်ရရှိပါက သိမ်းဆည်းမိန့်ချမှတ်ဆောင်ရွက်သွားရန်နှင့် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းအပ်နှံ ဆောင်ရွက်သွားရန်" ညွှန်ကြားထားရှိပါကြောင်း၊ ဘဏ္ဍာသိမ်းယာဉ် သိမ်းဆည်းအပ်နှံမှုလုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စေရန်အတွက် သိမ်းဆည်းရမိ မော်တော်ယာဉ်များ၊ ပစ္စည်းများ အမြန်ဆုံး စီမံဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းဒေသကြီး / ပြည်နယ်အသီးသီးရှိ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် တရားရုံးများက ရာဇဝတ်မှုနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှုဖြစ်စေ ဆောင်ရွက်ဆဲကာလတွင် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများ တန်ဖိုးဆုံးရှုံးမှု မရှိစေရေး စီမံထိန်းသိမ်း ဆောင်ရွက်နိုင်ရန်အတွက် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ဗဟိုကော်မတီ၊ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ခရိုင်အဆင့် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှု ကော်မတီကို ပြင်ဆင်ဖွဲ့စည်းထားရှိပါကြောင်း၊ "တရားဝင်နှင့် တရားမဝင်ယာဉ်၊ ယန္တရားများ အမိန့်ရှင်ဆိုင် ကာလအတွင်း မပျက်စီးစေရန် ထိန်းသိမ်းမှုအခွင့်အာဏာနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရန်" လမ်းညွှန်ခဲ့ပါကြောင်း။

လိုင်စင်မဲ့ ဘဏ္ဍာသိမ်းယာဉ်များကို သံရည်ကျိုအဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်ရန်နှင့် ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြင့် ဆောလျင်စွာ စီမံဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဌာနများအလိုက် ရေးဆွဲထားသည့် လုပ်ငန်းစဉ် (SOPs) များနှင့်အညီ နိုင်ငံပိုင် (ပြည်သူ့ဘဏ္ဍာ) အဖြစ် ဆောလျင်စွာ သိမ်းဆည်းမိန့် ချမှတ်၍ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းအပ်နှံစေရေး စဉ်ဆက်မပြတ်ကြပ်မတ်ဆောင်ရွက်ရန်နှင့်"တရားမဝင် ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှု မရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်စေရန်" ကိစ္စနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘဏ္ဍာသိမ်းယာဉ်များ စစ်ဆေးလွှဲပြောင်းလက်ခံခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် ဘဏ္ဍာသိမ်းယာဉ် သိမ်းဆည်းအပ်နှံခြင်း လုပ်ငန်းများ ထိရောက်မြန်ဆန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းမှု ဗဟိုကော်မတီ၏ ဆောင်ရွက်နေမှု၊ ဖမ်းဆီးရမိ မော်တော်ယာဉ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်ရေး ဆောင်ရွက်နေသည့် အခြေအနေများ၊ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဖမ်းဆီးရမိယာဉ်များ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက် လာကြသူများက တရားမဝင် ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးမှု မရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်စေရန်၊ လိုင်စင်မဲ့ဘဏ္ဍာသိမ်းယာဉ်များကို သံရည်ကျိုအဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်ရန်နှင့် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြင့် ဆောလျင်စွာ စီမံဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်